မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတံတား(စင်းခန်း) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မိမိနိုင်ငံနှင့် အမျိုးသားအကျိုးဖြစ်ထွန်းရေးအတွက် ဖော်ဆောင်ပေးထားသည့် အခြေခံကောင်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်းပင်ဖြစ်

မြန်မာသည် မြန်မာအတွက်ဖြစ်ရမည်၊ မြန်မာယောင်ဆောင်ထားသော တိုင်းတစ်ပါးအလိုတော်ရိနှင့် တိုင်းတစ်ပါးလက်ကိုင်တုတ် မဖြစ်စေရ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မန္တလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ချမ်းအေးသာစံမြို့နယ် ၆၂လမ်းရှိ မနော်ရမန်ဥယျာဉ်ရှေ့သို့ ရောက်ရှိကြပြီး ၆၂လမ်းကို ၃၅လမ်းမှ သိပ္ပံလမ်းအထိ စက်ဘီးလမ်းနှင့် ကျန်းမာရေးလေ့ကျင့်ရန် ကိရိယာများအသုံးပြုနိုင်မည့် လူသွားစင်္ကြံ၌ ကွန်ကရစ်ဘလောက်တုံးခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

ကသာ-မိုးတားကြီး ရထားလမ်းကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစားသုံးမှု ဘေးအန္တရာယ်ကင်းရေး သတိပြု

အစာလည်းဆေး၊ ဆေးလည်းအစာဟူသောစကားရှိရာ မိမိစားသုံးသော အစားအစာသည် အာဟာရဖြစ်ရန် လိုအပ်သည်။ လူတို့ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့်အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များ၊ သတ္တုဓာတ်များ ပါဝင်သည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို ထည့်သွင်းစားသုံးကြရမည် ဖြစ်သည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုစားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ ပိုးသတ်ဆေးဓာတ်မြေသြဇာ စသည့် ဓာတုပစ္စည်းများပါဝင်သည့် ဟင်းသီးဟင်းရွက်များကိုစားသုံးမိပါက ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့်အာရုံကြောကိုထိခိုက်ခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်သည်။

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကိုစားသုံးရာတွင် သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကိုစားသုံး သင့်သည်။ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင်အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ အစားအသောက်များထဲတွင် မပါဝင်ရန် သန့်ရှင်းစင်ကြယ်စွာဆေးကြောပြီးမှ စားသုံးသင့်ပေသည်။

မျက်မှောက်ကာလတွင် သီးနှံများကို စီးပွားဖြစ် တွင်ကျယ်စွာစိုက်ပျိုးလာကြရာ သီးနှံဖြစ်ထွန်းရေးအတွက် ဓာတ်မြေသြဇာများကို အသုံးပြုရာ၌ ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သင့်ကြပေသည်။

မိသားစုဝင်များအားလုံးကလည်း မိမိတို့၏ အိမ်၊ ခြံမြေများတွင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြခြင်းဖြင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို စားသုံးနိုင်ကြမည်ဖြစ်သည်။ အိမ်နောက်ဖေးဈေးဆိုင်တည် ဟူသောစကားနှင့်အညီ မိမိတို့အိမ်ဝိုင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားကြပါက ငွေကြေးချွေတာရာရောက်ပြီး သန့်ရှင်းသော ဟင်းသီးဟင်းရွက်များကို စားသုံးနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ပေရာ လူတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်သော အသီးအရွက်နှင့် သစ်သီးဝလံများကို ဂရုပြုစားသုံးကြခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုပြီး ကျန်းမာကြံ့ခိုင် သန်စွမ်းလာနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၄-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မေးမြန်းစူးစမ်း
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၈။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၃၀	၉။	ကျန်းမာသုတ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	Mail Box
၆း၄၅	၁၄။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၃)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှင့်သည်းခြာ** (အပိုင်း-၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အိုင်စီတီသုတ
	၂၁။	ရယ်ရွှင်စရာ ဟာသပဒေသာ **ကြံ့တောင့် ကြံ့ခဲ** ပေါ်လေး၊ အရိုင်း၊ ဇေဒါ၊ ဆင်မ၊ ချစ်စု၊ မိုးယံဇွန်၊ မျိုးစန္ဒီကျော်၊ မျိုးမျိုးခိုင်၊ အိဖြိုးချယ်ရီ၊ နှင်းယုဉ်မြင့်မိုရ် (ဒါရိုက်တာ - မောင်ပြည့်ဝ၊ ပန်းဝေသီ)
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း**(အပိုင်း-၂၄)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရတနာပုံမြို့သစ်(မြောက်ပိုင်း) အိမ်ရာတည်ဆောက်မှုလုပ်ငန်းစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဖေဖော်ဝါရီ ၈ရက် ညနေ ၃နာရီက ပြင်ဦးလွင်မြို့နယ် သုံးတောင်ရွာအနီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရတနာပုံမြို့သစ်(မြောက်ပိုင်း) ကိုယ်ပိုင်အိမ်ရာတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေနှင့် ပုသိမ်ကြီးမြို့နယ် ထုံးဘိုရွာ မန္တလေး-ပြင်ဦးလွင်လမ်း မိုင်တိုင်အမှတ် (၁၅/၅)အနီးရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကျောက်ခွဲစက်ကုန်ချောထုတ်လုပ်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်(မြောက်ပိုင်း) ကိုယ်ပိုင်အိမ်ရာတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ မြို့တော်ဝန်အား အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူးက ပုဂ္ဂလိကဆောက်လုပ်ရေး ကုမ္ပဏီအသီးသီးတို့၏ အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုနှင့် ကျန်ရှိသောလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးက သောက်သုံးရေဖူလုံရေးအတွက် ရေပိုက်လိုင်းများ သွယ်တန်းချထားပြီးစီးမှု၊ ကနဦးအနည်ကျကန်၊ အကြမ်းရေစစ်ကန်၊ အနှေးကျသဲရေစစ်ကန်၊ ဂါလန်ငါးသိန်းဆံ့ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံများ တည်ဆောက်ပြီးစီးမှု၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ လမ်းတံတားဌာန ခေတ္တဌာနမှူးကကွန်ကရစ်လမ်း၊ မြေသားလမ်းများ ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ဌာနခွဲမှူးက မြေကွက်များ ချထားမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းဌာန တာဝန်ရှိသူက လျှပ်စစ်မီးသွယ်တန်းရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် မြို့တော်ဝန်က လုပ်ငန်းများ သတ်မှတ်ချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ ပုဂ္ဂလိကဆောက်လုပ်ရေး ကုမ္ပဏီများကလည်း မိမိတို့တာဝန်ယူတည်ဆောက်ရသည့် အိမ်ရာများကို သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ရဲစခန်း၊ကျောင်း၊ ဈေး၊ ဆေးရုံ စသည်တို့ တည်ဆောက်ရေးဆိုင်ရာတို့ကို သက်ဆိုင်ရာဌာနမှူးများအား မှာကြားကာ တည်ဆောက်ရေးစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (**အောက်ပုံ**)

ထုတ်လုပ်နိုင်

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ထုံးဘိုရွာ မန္တလေး- ပြင်ဦးလွင်လမ်း မိုင်တိုင်အမှတ် (၁၅/၅)အနီးရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ကျောက်ခွဲစက်သို့ ရောက်ရှိစစ်ဆေးရာ လမ်းတံတားဌာန ခေတ္တဌာနမှူးနှင့် တာဝန်ခံတို့က စက်စွမ်းအားပြည့်လည်ပတ်ပါက တစ်ရက်လျှင် ကျောက်ကျင်းပေါင်း ၆၀အား အရွယ်အစား ငါးမျိုး ထုတ်လုပ်နိုင်မှုအခြေအနေကို မြို့တော်ဝန်အား ရှင်းလင်းတင်ပြသည်။

(၁၁၃)



ပြည်ထောင်စုနေ့ အထိမ်းအမှတ် အလက (၁) လှိုင်၌ ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လှိုင်မြို့နယ် အလက(၁)ခန်းမ၌ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အခမ်းအနားတွင် လှိုင်မြို့နယ် အလက (၁) ကျောင်းအုပ်ဆရာကြီး ဦးသိန်းဆွေဟန်က ပြည်ထောင်စုသားတို့၏ စည်းလုံးညီညွတ်မှုခေါင်းစဉ်ဖြင့် ဟောပြောသည်။ အခမ်းအနားတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ (**မြို့နယ် ပြန်/ဆက်**)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ဒုတိယအကြိမ် တွေ့ဆုံဂေါက်သီးရိုက်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက စီစဉ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဒုတိယအကြိမ် တွေ့ဆုံဂေါက်သီးရိုက်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းဂေါက်သီးရိုက်ပွဲတွင် ကုမ္ပဏီ၊ လုပ်ငန်းများက မိမိတို့ကုမ္ပဏီလုပ်ငန်းများ၏ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးပို့နိုင်ပြီး ပါဝင်ကစားလိုသည့် အင်ဂျင်နီယာများအနေဖြင့် ဦးအောင်ဝင်း ဖုန်း-၀၉-၅၅-၀၆၁၈၂၊ ၀၁-၂၂၆၈၁၇၊ ဗိုလ်မှူးကြီးဘဏ်ထွန်းဦး(ငြိမ်း) ဖုန်း-၀၉-၅၁-၉၂၀၆၂၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်တိုးရွှေ ဖုန်း- ၀၉-၅၁-၄၆၇၂၅၊ ဗိုလ်မှူးလှမြင့်(ငြိမ်း) ဖုန်း-၀၉-၅၀-၀၁၁၂၃နှင့် ဦးမောင်မောင်ထွေး ဖုန်း-၀၉-၅၁-၀၈၂၀၀တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ ***(သတင်းစဉ်)***

ပုလဲမြို့နယ် သစ်ကြီးတိုင်းနှင့် သဲပြင်ကျယ်ကျေးရွာများ ကျေးရွာချင်းဆက် တောင်ပေါ်လမ်းဖောက်လုပ်

ပုလဲ ဖေဖော်ဝါရီ ၂၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလဲမြို့နယ် တောင်ပေါ်ဒေသကျေးရွာများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သစ်ကြီးတိုင်းကျေးရွာနှင့် သဲပြင်ကျယ်ကျေးရွာသို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်နေခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဇန်နဝါရီ ၁၀ရက်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

လိုက်ပါဆောင်ရွက်

မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ ဦးကျော်ဆန်း၊ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှူးဦးမြင့်ဝေတို့ လိုက်ပါဆောင်ရွက်ကြသည်။

မြေသားလမ်း

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး အရှည်ငါးမိုင်ရှိကြောင်း သိရသည်။ (**မြို့နယ် ပြန်/ဆက်**)

ချီးမြှင့်ပေးအပ်

အထက(၆) ဗိုလ်တထောင်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာဝင်းမင်းလတ်က အလှူရှင် မိဘဆရာအသင်း နာယက ဦးခင်မောင်ဖြူအား အလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

နေပြည်တော်အုတ်စက်ရုံစီမံကိန်း(မင်းကုန်း) ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယနေ့ နံနက် ၇နာရီ ၁၅မိနစ်တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာအနီး နေပြည်တော် ပျဉ်းမနား-တောင်ညို ကားလမ်းမိုင်တိုင်(၁၆/၃)အနီး မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းက တည်ဆောက်နေသော နေပြည်တော်အုတ်စက်ရုံစီမံကိန်း (မင်းကုန်း)၌ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ပင်မစက်ရုံအတွင်းရှိ မြေကျွေးစက်၊ မြေနယ်စက်နှင့် မြေအနုကြိတ်စက်များ တပ်ဆင်ပြီးစီး၍ စမ်းသပ်လည်ပတ်မှုအခြေအနေ၊ မြေနယ်ညှစ်စက်၊ အုတ်စိမ်းဖြတ်စက်နှင့် အလိုအလျောက် အုတ်အစိမ်းစီစက်များ စမ်းသပ်လည်ပတ်မှုအခြေအနေ၊ စက်များ၏ကြံ့ခိုင်မှုနှင့် ထွက်ရှိလာသော အုတ်စိမ်းများ၏ အရည်အသွေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် အခြောက်ခံဖိုများ၊ ဥမင်မီးဖို၏ အတွင်းပိုင်းမီးခံအုတ်စီခြင်း လုပ်ငန်းနှင့် အပူပေးလိုင်းများ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေး၍ အရည်အသွေးကောင်းမွန်သော အုတ်များထွက်ရှိရန်နှင့် သတ်မှတ်ရက်အတွင်း အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထွက်ရှိနိုင်

အဆိုပါ အုတ်စက်ရုံကို နေပြည်တော် တည်ဆောက်ရေး လုပ်ငန်းများအတွက် အရည်အသွေးမီ စက်အုတ်များကို ဖြည့်ဆည်းနိုင်ရန်၊ နေပြည်တော်ပတ်ဝန်းကျင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့်အတူ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် နိုင်ငံခြားသုံးငွေ လျော့နည်းသက်သာစေရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပြီး စက်ရုံပြီးစီးပါက အရည်အသွေးမီစက်အုတ်များ တစ်နေ့လျှင် ၁၅၀၀၀၀နှုန်းဖြင့် တစ်နှစ်လျှင် အုတ်ချပ်ရေ သန်း၅၀ ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အဆိုပါ ညှော်ခံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ညနေ ၆နာရီ ၄၅မိနစ်တွင် ညှော်ခံပွဲကျင်းပရာ ချန်ထရီယမ်ဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံစစ်သံမှူး Colonel Alexander SVIN-TSOVSKIY နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံစစ်သံမှူး Colonel Alexander SVIN-TSOVSKIY တို့သည် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၃ရက်က ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံရုံးယာယီတာဝန်ခံ **Mr.Ahmad Azian Haji Sabtu** နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ဖုန်း-၅၀၁၅၄၇၊ ကိုအုန်းဝမ် ဖုန်း-၃၇၅၈၅၆ (လိုင်းခွဲ-၅၀၉)၊ ကိုမြတ်သူဝင်း ဖုန်း-၂၂၂၉၂၃၊ ၀၉-၅၁-၀၃၇၂၅၊ ကိုအာသာ ဖုန်း- ၂၀၂၀၄၆၊ ၀၉-၅၀-၄၄၂၆၇၊ ကိုဇော်ဝင်း ဖုန်း-၅၂၂၀၇၃၊ ၀၉-၅၁-၂၈၈၅၉၊ ကိုထွန်းလင်း ဖုန်း-၀၉-၅၁-၃၄၅၂၅၊ ကိုအောင်နိုင်မိုး ဖုန်း-၅၄၉၆၄၄၊ ၀၉-၅၀-၂၀၄၇၈၊ မအေးမွန်(ခ)Alice ဖုန်း-၀၉-၅၁-၁၉၈၅၈နှင့် မကက်သလင်းသိန်း ဖုန်း-၀၉-၅၀-၂၆၄၇၀တို့သို့ ဆက်သွယ် စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြောက်ဥက္ကလာပမြို့နယ် အထက (၅)၏ ၂၀၀၈-၂၀၀၉ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မငွေယမုံအား ကျောင်းအကျိုးတော်ဆောင် အဖွဲ့နာယက ဦးဘတင့်ဆွေ ဆုချီးမြှင့်စဉ်။

(ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၁၀

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဘဝပြင်ပါ** တရားတော် ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၁)
၈:၃၀	Sports World (Snow Board World Cup)
၈:၄၅	Activities in the City (Nibban Dealers' Night Yangon 2010)
၉:၀၀	သထုံမြေအတွင်း ဉာဏ်အလင်း ပျံ့စေမည့် လင်းရောင်နီဦး စာပေရိပ်ငြိမ်
၉:၁၀	အဖိုးတန်သော သဘာဝသယံဇာတမြေ ဟူးကောင်း
၉:၃၀	အားကစား မြင်ကွင်းစုံ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးစိုးမိုးကျော်၊ ထွန်းနေစိုး)
၁၀:၁၀	Activities in the City
	- ရှမဝ ဦးကျော် နှစ်(၁၀၀)ပြည့် ပန်းချီပြပွဲ
	- အလက (၄) သယ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ
၁၀:၅၅	Industrial Talk
၁၁:၂၅	ဗီဒီယိုပြခန်း
၁၁:၄၅	သထုံမြေအတွင်း ဉာဏ်အလင်း ပျံ့စေမည့် လင်းရောင်နီဦး စာပေရိပ်ငြိမ်
၁၂:၀၅	Vancouver 2010 Olympic Winter Games
၁:၀၀	**ဘဝပြင်ပါ** တရားတော် ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (ရုပ်ချမ်းသာတာကောင်းတယ်၊ စိတ်ချမ်းသာတာကောင်းတယ်)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၁)
၄:၁၅	ညဝတီရဲ့ တေးနရီ ရသစုံလီ ရခိုင်စာပီ
၄:၃၀	ပဲခူးတိုင်း ကဝမြို့နယ် သပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ပါရမီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား
၄:၅၀	ဂီတသံစဉ် အလှဆင် (နီနီဝင်းရွှေ)
၅:၂၀	Activities in the City (Nibban Dealers' Night Yangon 2010)
၅:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ (Blue Berry နှင့် တွေ့ဆုံခြင်း)
၆:၄၅	နပျိုလန်းဆန်းစေဖို့ရာ Gemron Gold
၇:၁၅	ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (မျိုးထက်)
၇:၄၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Taw Win Thazin Floral & Gift Shop)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (ရုပ်ချမ်းသာတာကောင်းတယ်၊ စိတ်ချမ်းသာတာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၃၁)
၁၀:၀၀	ဓာတ်ပုံထဲမှ အမှတ်တရများ (Blue Berry နှင့် တွေ့ဆုံခြင်း)
၁၀:၂၅	ဗီဒီယိုပြခန်း
၁၀:၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၀၅	နပျိုလန်းဆန်းစေဖို့ရာ Gemron Gold
၁၁:၂၀	Industrial Talk
၁၁:၄၅	**အားကိုး အားထား** ဖိုးသောကြာ၊ (အကယ်ဒမီ) ဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ- ကောင်းမြတ်)
၁၂:၀၀	စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
၁၂:၁၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၄ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပြည်-တောင်ကုတ် မော်တော်ကားလမ်းမကြီး အဆင့်မြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နှင့် ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့ ဆက်သွယ်ထားသည့် တောင်ကုတ်တောင်ကြားလမ်းဖြတ် ၁၀၁မိုင် ၄ဖာလုံရှည် မော်တော်ကားလမ်းမကြီးကို တောင်ကုတ်မြို့ ဒေသဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးကျော်တောင်၏ နေလသစ္စာဆောက်လုပ်ရေးအဖွဲ့ (B.O.T) စနစ်ဖြင့် မတ် ၁ရက်မှစ၍ အဆင့်မြှင့် ကတ္တရာခင်းဆောင်ရွက်မည် ဖြစ်သည်။ ယင်းလမ်းမကြီးကို ဦးကျော်တောင် ဦးဆောင်ကာ သုံးနှစ်အတွင်း အပြီးပြုလုပ်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်၏ စီးပွားရေးတံခါးပေါက်ဖြစ်သည့် တောင်ကုတ်မြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ရေထွက်ပစ္စည်းများနှင့် ရန်ကုန်၊ ပြည်မြို့တို့မှ စက်ကိရိယာများနှင့် လူသုံးကုန်များ၊ လယ်ယာသုံးပစ္စည်းများ အမြန်တင်ပို့နိုင်မည်ဖြစ်သည့်အပြင် အဆိုပါလမ်းမကြီးဘေးဝဲယာရှိ ဒေသခံများနှင့် ခရီးသွားများ မိမိသွားလိုရာသို့ ရာသီမရွေး အန္တရာယ်ကင်းစွာ သွားလာနိုင်မည်ဖြစ်သည်။ **(၁၁၃)**

ဟေတီငလျင်ဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာတစ်ဘီလီယံကျော်လိုအပ်

နယူးယောက် ဖေဖော်ဝါရီ ၂၃

ငလျင်ဒဏ်ပြင်းထန်စွာခံစားရသည့် ဟေတီနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ဆောလျင်စွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၁ဒသမ ၄၄ဘီလီယံ ထပ်မံကူညီထောက်ပံ့ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်တို့က ဖေဖော်ဝါရီ ၂၀ရက်တွင် နိုင်ငံတကာအသိုင်းအဝိုင်းသို့ မေတ္တာရပ်ခံသည်။

ကာရေဘီယံဒေသရှိ ဟေတီနိုင်ငံငယ်၏ သဘာဝဘေးဒဏ် အကြီးမားဆုံး ခံစားရသည့် ပြည်သူသုံးသန်းခန့်အား အကူအညီပေးနိုင်ရေး မေတ္တာရပ်ခံခြင်းဖြစ်သည်။

နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပသည့် အစည်းအဝေးတွင် ဘန်ကီမွန်းနှင့် ဘီလ်ကလင်တန်တို့က အထက်ပါအတိုင်း မေတ္တာရပ်ခံပြောကြားသည်။

ဟေတီနိုင်ငံ၏ လူဦးရေ ၁ဒသမ၂သန်းအတွက် အိုးအိမ်အဆောက်အအုံနှင့် လူဦးရေနှစ်သန်းခန့်အတွက် စားနပ်ရိက္ခာများ လိုအပ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မွမ်ဘိုင်းမြို့ရှိ မာရုတီဆူဇူကီးကားထုတ်လုပ်ရေးကုမ္ပဏီမှ ရောင်းချရန်ပြသထားသော မော်တော်ကားများကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။ (ယင်းကုမ္ပဏီမှ ထုတ်လုပ်သောကားစီးရေ ၁၀၀၀၀၀ကို ဆီယိုစိမ့်မှုရှိသဖြင့် ဈေးကွက်မှ ပြန်သိမ်းမည်ဖြစ်ကြောင်း ကုမ္ပဏီက ကြေညာသည်။) **(အင်တာနက်)**

ဆိုမာလီကမ်းလွန်မှ ပင်လယ်ဓားပြများ တူရကီရေတပ်ဖမ်းဆီးနှိမ်နင်း

အန်ကာရာ ဖေဖော်ဝါရီ ၂၃

အေဒင်ပင်လယ်ကွေ့တွင် ပင်လယ်ဓားပြသောင်းကျန်းမှု နှိမ်နင်းရေးအတွက် နိုင်ငံတကာ လုံခြုံရေးတာဝန်ဖြင့် ရောက်ရှိသည့် တူရကီရေတပ်မှ အစောင့်သင်္ဘောတစ်စင်းက ဆိုမာလီကမ်းလွန်ဒေသတွင် ဂျပန်ကုန်သင်္ဘောတစ်စင်းအား ပင်လယ်ဓားပြတိုက်ခိုက်မှုမှ ကာကွယ်တားဆီးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ရက်တွင် အင်တာနက်သတင်းအရ သိရသည်။

တီစီဂျီ-ဂျင်လစ်အမည်ရှိ တူရကီစစ်သင်္ဘောက ဆိုမာလီယာကမ်းလွန်တွင် ရေယာဉ်တစ်စင်းကို ကြားဖြတ်ဟန့်တားပြီး ဖမ်းဆီးခဲ့သည်ဟု တူရကီနိုင်ငံပိုင် အနာတိုလီယာသတင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပါဝင်

အဆိုပါစစ်ဆင်ရေးတွင် ရဟတ်ယာဉ်တစ်စင်းနှင့် ရေတပ်လက်ရွေးစင်တပ်သားများ ပါဝင်ကြသည်။

တိုက်ခိုက်

ပင်လယ်ဓားပြများက ပနားမားအလံစိုက်ထူထားသည့် အမ်ဗွီအေပီအယ်လ်အမည်ရှိ သင်္ဘောတစ်စင်းကို စတင်တိုက်ခိုက်မည့်ဆဲဆဲ တူရကီရေတပ်က တားဆီးနိုင်ပြီး ပင်လယ်ဓားပြခုနစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း အဆိုပါသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ကန်ကင်းထောက်လေယာဉ်ရှစ်စင်း တောင်ကိုရီးယားဝယ်ယူ ရေကြောင်းကာကွယ်ရေးမြှင့်တင်ရန်ဖြစ်

ဆိုးလ် ဖေဖော်ဝါရီ ၂၃

တောင်ကိုရီးယားအနေဖြင့် အမေရိကန်နိုင်ငံမှ အသစ်ပြန်လည်ပြင်ဆင်ထားသည့် ပီ-၃စီ ရေကြောင်းကင်းထောက်တိုက်လေယာဉ်ရှစ်စင်းကို လက်ခံရရှိကြောင်း တောင်ကိုရီးယားရေတပ်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ထောက်လှမ်း

ယင်းမှာ ပင်လယ်ရေကြောင်းကာကွယ်မှုနှင့် ထောက်လှမ်းမှုမြှင့်တင်ရေးအတွက် အားဖြည့်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ပိုင်ဆိုင်ထား

တောင်ကိုရီးယားရေတပ်သည် ၂၀၀၈ ခုနှစ်အတွင်း၌ ပီ-၃စီ တိုက်လေယာဉ်ရှစ်စင်းကို ပထမအသုတ်အဖြစ် လက်ခံရရှိထားပြီးဖြစ်ရာ ပီ-၃စီ ကင်းထောက်လေယာဉ်အများအပြား လက်ဝယ်ရောက်ရှိ ပိုင်ဆိုင်ထားပြီးဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြင်သစ်တို့ ပစ်ခတ်မှု အာဖဂန်၌ အရပ်သားနှစ်ဦးသေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသတွင် ဖေဖော်ဝါရီ ၂၂ရက်က ပြင်သစ်တို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အာဖဂန်အရပ်သားနှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ပြောကြား

ယင်းတိုက်ခိုက်မှုသည် ကက်ပီဆာပြည်နယ် ဒိုလတ်ခယ်ဒေသ၌ ဖြစ်ပွားခဲ့ပြီး အရပ်သားခြောက်ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံအာဖဂန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

တွေ့ရှိ

ဒေသခံကုန်သည်များ စီးနင်းလာသည့် မော်တော်ယာဉ်တစ်စီးကို ပြင်သစ်ဒုံးကျည်ထိမှန်ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

အီတလီ၌ နိုင်ငံတကာခရီးသွားလုပ်ငန်း ကုန်စည်ပြပွဲကျင်းပ

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၃

အီတလီနိုင်ငံ မီလန်မြို့၌ အကြိမ်(၃၀)မြောက် နိုင်ငံတကာခရီးသွားလုပ်ငန်းကုန်စည်ပြပွဲ(ဘီအိုင်တီ)အဖွဲ့တွင် နီပေါနိုင်ငံပါဝင်သည်။

သတင်းထုတ်ပြန်

အဆိုပါပွဲတော်ကို ဖေဖော်ဝါရီ ၁၈ရက်မှစတင်ကာ ၁၀ရက်ကြာကျင်းပလျက်ရှိပြီး ခရီးသွားဧည့်သည် ၁၅၀၀၀၀ကျော် လာရောက်လျက်ရှိကြောင်း (ဘီအိုင်တီ)အဖွဲ့မှ ဖေဖော်ဝါရီ ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဖမ်းဆီး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း နောင်ရှိရာခရိုင်၌ တာလီဘန် ထိပ်တန်းခေါင်းဆောင်တစ်ဦးအား ဖမ်းဆီးလာသည်ကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘော်လကန်ဒေသတည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု တူရကီနှင့်ဆားဗီးယားတို့ တွေ့ဆုံဆွေးနွေး

အန်ကာရာ ဖေဖော်ဝါရီ ၂၃

တူရကီနှင့် ဆားဗီးယားနိုင်ငံတို့သည် ဘော်လကန်ဒေသတည်ငြိမ်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူက ဖေဖော်ဝါရီ ၂၀ရက်တွင် ပြောကြားသည်ဟု အစိုးရအာဘော် တစ်ပိုင်းဖြစ်သော အနာတိုလီယာသတင်းဌာန၌ ဖော်ပြသည်။

ဘော်လကန်ဒေသတွင် စီးပွားရေးကြွယ်ဝချမ်းသာလာအောင် ပူးပေါင်းဆောင်ရွက်သွားရန် တူရကီနှင့်ဆားဗီးယားတို့က ဆုံးဖြတ်ကြောင်းဖြင့်လည်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဆွေးနွေး

တူရကီနိုင်ငံသို့ လာရောက်လည်ပတ်နေသော ဆားဗီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် တူရကီနိုင်ငံခြားရေးဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

တွေ့ဆုံ

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ဒေသဆိုင်ရာ ပြဿနာရပ်များကိုလည်း ထည့်သွင်းဆွေးနွေးကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ မိမိနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးတို့၏ ဆွေးနွေးမှုမှာ အကျိုးရှိကြောင်း၊ ဘော်လကန်ဒေသတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကြကြောင်းဖြင့် ဆားဗီးယားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

(အင်တာနက်)

အိုလံပစ်အားကစားရုံ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပမည့် ၂၀၁၂ခုနှစ် အိုလံပစ်အားကစားပွဲတော်အတွက် ပြင်ဆင်ထားသည့် အားကစားရုံကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဝက်သက်ရောဂါ ဖိလစ်ပိုင်၌ ကူးစက်

မနီလာ ဖေဖော်ဝါရီ ၂၃

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တွန်ဒူဒေသ၊ လာ့စ်ပီနက်စ်မြို့၊ ကာဗိတ်မြို့၊ ဒက်စ်မာရီနက်စ်ဒေသ၊ ကွေဇုန်ပြည်နယ် ဆန်ဖရန်စစ္စကိုမြို့၊ လာနာအိုဒဲလ်ဆာပြည်နယ် ဘာလာဘာဂန်မြို့နှင့် မီထရိုမနီလာမြို့များ၌ ဝက်သက်ရောဂါကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကျန်းမာရေးဌာနက ဖေဖော်ဝါရီ ၂၂ရက်တွင် တရားဝင်သတင်းထုတ်ပြန်သည်။

နှစ်လအတွင်းမှာပင် စုစုပေါင်း ရောဂါဖြစ်ပွားသူ ၅၇၀ရှိပြီး အသက်တစ်နှစ်မှ ကိုးနှစ်အတွင်း ကလေးငယ်များ၌ အဖြစ်များသည်ဟု ဆိုသည်။

စေလွှတ်

ကာကွယ်ဆေးထိုးနှံပေးရန်အတွက် နိုင်ငံအနှံ့အပြားသို့ ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ထားပြီးဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန်ပြည်နယ် လက်ခါမြို့၌ ဗုံးပေါက်ကွဲခဲ့ပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။ (ယင်းဗုံး ပေါက်ကွဲမှုကြောင့် လူရှစ်ဦး သေဆုံးခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးလည်း ပါဝင်သည်။ ၄င်းတပ်ဖွဲ့ဝင်သည် အာဖဂန်၌ သေဆုံးသည့် ၁၀၀၀မြောက် အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။) **(အင်တာနက်)**

အမေရိကန်တို့လေကြောင်းမှ တိုက်ခိုက်မှု အာဖဂန်၌ အရပ်သား ၃၃ဦးသေဆုံး၊ အများအပြားဒဏ်ရာရရှိ

ကဘူးလ် ဖေဖော်ဝါရီ ၂၃

အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသကို လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် အရပ်သား ၃၃ဦးထက်မနည်းသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖြစ်ပွား

သေဆုံးသူများတွင် အမျိုးသမီးလေးဦးနှင့် ကလေးငယ်တစ်ဦးပါဝင်သည်ဟု အာဖဂန်အာဏာပိုင်များက ပြောကြားသည်။ အမျိုးသမီးများနှင့် ကလေးငယ်များလိုက်ပါလာသည့် မော်တော်ယာဉ်အား မှားယွင်းတိုက်ခိုက်ခဲ့သည်ဟု အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် အူရုဇ်ဂန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၁ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းရေးသားသည်

ချူကလီးယားသန့်စင်စက်ရုံနှစ်ရုံ အီရန်၌ ဆောက်မည်

အီရန်နိုင်ငံသည် လာမည့်နှစ်၌ နျူကလီးယားသန့်စင်စက်ရုံနှစ်ရုံ တည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ၏ နျူကလီးယားစွမ်းအင်အကြီးအကဲ အလီအက်ဘာဆာလီဟီက ဖေဖော်ဝါရီ ၂၃ရက်၌ ပြောကြားသည်။

တရုတ်မြောက်ပိုင်း၌ အအေးလှိုင်း ကျရောက်

တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဖေဖော်ဝါရီ ၂၃ရက် နံနက်က အအေးလှိုင်းကျရောက်ခဲ့ကြောင်း၊ အပူချိန်မှာရေခဲမှတ်အောက် များစွာလျော့နည်းခဲ့ကြောင်း၊ ဆီးနှင်းများလည်း ထူထပ်သိပ်သည်းစွာကျဆင်းခဲ့ကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယား နျူကလီးယားအကြီးအကဲ တရုတ်သို့သွားရောက်

တောင်ကိုရီးယားနိုင်ငံ၏ နျူကလီယား စွမ်းအင်အကြီးအကဲ ဝီဆောင်လိတ်သည် တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ဖေဖော်ဝါရီ ၂၃ရက်က ချစ်ကြည်ရေးခရီး ရောက်ရှိလာသည်။ တရုတ်နျူကလီးယားစွမ်းအင်အကြီးအကဲ ဝူဒါဝီနှင့် တွေ့ဆုံကာ တောင်ကိုရီးယား ကျွန်းဆွယ်၌ နျူကလီးယားကင်းရှင်းရေးနှင့် ဒေသတွင်း ငြိမ်းချမ်းရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

မော်စကို၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဖေဖော်ဝါရီ ၂၃ရက် နံနက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ရာ မြို့တွင်းလမ်းများပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းခဲ့ကြောင်း၊ နေအိမ်အမိုးများပေါ်၌လည်း ဆီးနှင်းများဖုံးလွှမ်းခဲ့ကြောင်း မော်စကိုမြို့မှ စည်ပင်သာယာရေးအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းတန့်နေ

ကမ္ဘာ့ငွေကြေးဈေးကွက်တွင် ဒေါ်လာဈေးနှုန်းများကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်တွင် ဖေဖော်ဝါရီ ၂၃ရက် ဈေးပိတ်ချိန်၌ ဂျပန်ယန်းငွေ ၉၁ယန်းလျှင် အမေရိကန်တစ်ဒေါ်လာဖြစ်ကြောင်း ဂျပန်ငွေကြေးအရာရှိများက ပြောကြားသည်။

ဂရိ အဓိကလေကြောင်းကုမ္ပဏီနှစ်ခု ပူးပေါင်းမည်

ဂရိနိုင်ငံမှ အဓိကလေကြောင်းကုမ္ပဏီနှစ်ခုပိုင် လေကြောင်းလိုင်းနှစ်လိုင်းဖြစ်သည့် အိုလံပစ်အဲလေကြောင်းလိုင်းနှင့် အေးဂျင်းလေကြောင်းလိုင်းနှစ်ခုတို့ နိုင်ငံတကာခရီးစဉ်များ၌ ပူးပေါင်းပျံသန်းရန် ဖေဖော်ဝါရီ ၂၃ရက်၌ သဘောတူညီလိုက်ကြသည်။ ပြည်တွင်း ပြည်ပခရီးစဉ်များအားလုံး အကျိုးတူပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း နှစ်ဖက်ကိုယ်စားလှယ်များက သဘောတူညီကြသည်။

ပီရူး၌ ခရီးသည်ဘတ်စ်ကားနှစ်စီးတိုက်မိ၊ ၃၈ ဦးသေဆုံး

ပီရူးနိုင်ငံမြောက်ပိုင်း ဗီရူမြို့အနီးတွင် ဖေဖော်ဝါရီ ၂၃ရက်က ခရီးသည်တင်ဘတ်စ်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ခရီးသည် ၃၈ဦး သေဆုံးပြီး ၅၈ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ပီရူးရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိရာ တရုတ်ရွှေဈေးကွက်၌ ဖေဖော်ဝါရီ ၂၃ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၂၈ဒသမ ၃၅ဒေါ်လာအထိရှိခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်း အနည်းငယ်မြင့်တက်

ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ ပြန်လည်မြင့်တက်လျက်ရှိရာ အမေရိကန်ဈေးကွက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀အထိ ရှိလာကြောင်း အမေရိကန်စွမ်းအင်အရာရှိများက ဖေဖော်ဝါရီ ၂၃ရက်၌ သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)

INSTEP တွင် သင်တန်းတက်ရောက်ခဲ့ကြသူများ ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဖေဖော်ဝါရီ ၁၉ရက် ညနေပိုင်းက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် မလေးရှားနိုင်ငံ Petronas ကုမ္ပဏီ၏ နည်းပညာလေ့ကျင့်ရေးသင်တန်းကျောင်း INSTEP ၌ ရေနံတူးဖော် ထုတ်လုပ်ရေး နည်းပညာသင်တန်းတက်ရောက်ခဲ့ကြသော မြန်မာနိုင်ငံသား အလုပ်သင်အင်ဂျင်နီယာ ၅၀အား သင်တန်းပြီးမြောက်အောင်မြင်ခြင်း ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြု အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံ Petronas ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Puan Juniwati Rahmat Hussin နှင့် တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး၊ မလေးရှားနိုင်ငံ Petronas ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌနှင့် Petornas Carigali Myanmar Limited မှ အထွေထွေမန်နေဂျာ Mohd Zaini Mohd Yunus တို့က အမှာစကားပြောကြားကြပြီး သင်တန်းတက်ရောက် အောင်မြင်ခြင်း ဂုဏ်ပြုမှတ်တမ်းကို သင်တန်းသားတစ်ဦးချင်းသို့ Petronas ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌကလည်းကောင်း၊ ထူးချွန်ဆုများကို ဘာသာရပ်အလိုက် ထူးချွန်ဆုရ သင်တန်းသားများအား ဒုတိယဝန်ကြီး **(အပေါ်ယာပုံ)**ကလည်းကောင်း ပေးအပ်ကြသည်။

သင်ယူလေ့လာ

အဆိုပါ သင်တန်းသည် ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်း၏ Operator အဖြစ် ဆောင်ရွက်လျက်ရှိသော Petronas Carigali Myanmar (Hong Kong) Limited မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လည်းကောင်း၊ ကမ်းလွန်ရေနံစင်နှင့် အခြားအရေးကြီးဌာနများတွင် အဆင့်မြင့် စီမံခန့်ခွဲရေး တာဝန်ခံအင်ဂျင်နီယာများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံခြားသားဝန်ထမ်းများ၏ နေရာတွင် မြန်မာနိုင်ငံသားများအား တာဝန်ပေးခန့်ထားရေးအတွက်လည်းကောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ်မှစတင်ကာ JV Partners များနှင့် မြန်မာ့ရေနံလုပ်ငန်းတို့က ကြိုးပမ်းဆောင်ရွက်လာခဲ့သည့် အစီအစဉ်တစ်ရပ်ဖြစ်ပြီး Petronas ကုမ္ပဏီ၏ နည်းပညာလေ့ကျင့်ရေးကျောင်း၌ ရေနံတူးဖော်ထုတ်လုပ်ရေး နည်းပညာသင်တန်းအဆင့်(၁)သို့ ခြောက်လနှင့် ကမ်းလွန်ရေနံထုတ်လုပ်ရေးလုပ်ငန်းခွင်များ၌ လက်တွေ့ခြောက်လ သင်ယူလေ့လာစေခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထွန်ယက်စိုက်ပျိုး

ကချင်ပြည်နယ်၏ စတုတ္ထစပါးကျီ ဖြစ်မြောက်နိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်း၏ ကြီးကြပ်မှုဖြင့် နွေစပါးတစ်ဧကတင်း ၁၀၀ စံပြကွက်ကို ရွှေကူမြို့နယ် ဆိပ်သာကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ အမှတ်(၄၁/က) ဦးပိုင်အမှတ် (၁၁၈) တောင်သူ ဦးဟုန်းငွေ၏ လယ်၌ စုပေါင်းထွန်ယက်စိုက်ပျိုးပွဲကို ကျင်းပစဉ်။ (၁၇၉)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	အင်္ဂဇယမင်္ဂလာ ယဉ်ဝေယံထွန်း (တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၀	၇။	အဆိုပြိုင်ပွဲ
၈:၁၀	၈။	စွမ်းအားပြည့် ထုတ်လုပ်ထားပလတ်စတစ် ထုတ်ကုန်များ
၈:၂၅	၉။	တေးဂီတအစီအစဉ်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	အတီးပြိုင်ပွဲ

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၂၀	၃။	မပြောမပြီး မတီးမမြည်
၄:၃၅	၄။	သီချင်းကြီးပဒေသာ
၄:၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရသစာပေ အရေးအသား အထူးပြု) (ရသစာပေ အရေးအသား)
၅:၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၀၅	၇။	တေးဂီတအစီအစဉ်
၅:၁၅	၈။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၂၅	၉။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၅:၄၀	၁၀။	ရုပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
၆:၃၅	၁၄။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၀၀	၁၅။	ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၇:၃၀	၁၆။	အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၃)
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **မယ်တင်ကိုမလွှမ်းရ** ခန့်စည်သူ၊ နန္ဒာလှိုင် (ဒါရိုက်တာ-သန့်ဇင်အောင်)

နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်နေသည့် စစ်မှန်သော အမျိုးသားနိုင်ငံရေးကိုသာ ပါဝင်ဆောင်ရွက်မည်ဟူသော ခံယူချက်ဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို လက်ခံသောကြောင့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ NLD ပါတီဝင် ၁၆ဦး ထပ်မံနုတ်ထွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များဖြစ်ကြသည့် ဧရာဝတီတိုင်း ကျုံပျော်မြို့နယ်မှ ဦးလှဝင်း၊ မစိုးစိုးကြည်၊ ဦးဒီဇင်းဘယ်၊ ဦးလှမြင့်၊ ဦးတင်အောင်မိုးတို့ ငါးဦးသည် ၂၀၀၉ခုနှစ် စက်တင်ဘာ ၃၀ရက်တွင်လည်းကောင်း၊ ပဲခူးတိုင်း ဖြူးမြို့နယ် လယ်ပြင်ကျေးရွာမှ ဦးသံချောင်း(ခ)တင်ဝင်းနှင့် ဦးအေးနိုင်တို့ နှစ်ဦးသည် ၂၀၀၉ခုနှစ် နိုဝင်ဘာ ၃ရက်တွင်လည်းကောင်း ၎င်းတို့ သဘောဆန္ဒအလျောက် နုတ်ထွက်စာများ ရေးသားပြီး NLD ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်စာများ ပေးပို့ခဲ့ကြသည်။

နုတ်ထွက်စာရေးသား

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်နေ တောင်ကြီးမြို့နယ် NLD ပါတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်သန်းသည် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ် ညောင်သပြေကျေးရွာမှ ဦးသက်ဝေသည် ဖေဖော်ဝါရီ ၅ရက်တွင်လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာအုပ်စုမှ ဦးစံတင်အပါအဝင် ပါတီဝင်သုံးဦးနှင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒ္ဒန်းကျေးရွာမှ ဦးလှစိန်တို့သည် ဖေဖော်ဝါရီ ၉ရက်တွင်လည်းကောင်း၊ တနင်္သာရီတိုင်း ကျွန်းစုမြို့နယ် ညောင်ဘီးကျေးရွာမှ NLD ပါတီ မြို့နယ်အတွင်းရေးမှူး ဦးခင်မောင်ဝင်းသည် ဖေဖော်ဝါရီ ၁၂ရက်တွင်လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာမှ ဦးအေးထွန်းသည် ဖေဖော်ဝါရီ ၁၃ရက်တွင်လည်းကောင်း၊ နေပြည်တော် လယ်ဝေးမြို့နယ် သပြေကုန်းကျေးရွာမှ ဦးစိန်သောင်းသည် ဖေဖော်ဝါရီ ၁၆ရက်တွင်လည်းကောင်း ၎င်းတို့ သဘောဆန္ဒအလျောက် နုတ်ထွက်စာများ ရေးသားပြီး NLD ပါတီမှ နုတ်ထွက်ခဲ့ကြသည်။

NLD ပါတီဝင် ၁၆ဦးတို့၏ နုတ်ထွက်စာများတွင် NLD ပါတီသည် အသွင်သဏ္ဌာန်အားဖြင့် ကောင်းမွန်သည်ဟုထင်ရသော်လည်း ပါတီတွင်း လက်တွေ့အခြေအနေမှာ ပါတီဝင်အချင်းချင်း စည်းလုံးညီညွတ်မှုမရှိခြင်း၊ ကြီးနိုင်ငယ်ညှဉ်းပြုလုပ်ခြင်း၊ ပါတီဝင်အချင်းချင်း ကူညီဖေးမဆောင်ရွက်ပေးမှုများမရှိကြဘဲ မိမိကောင်းစားရေးအတွက်ကိုသာ ရှေ့တန်းတင်လွန်းခြင်းတို့ကြောင့်လည်းကောင်း၊ ယခုအချိန်တွင် နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်နေသည့် စစ်မှန်သော အမျိုးသားနိုင်ငံရေးကိုသာ ပါဝင်ဆောင်ရွက်မည်ဟူသော ခံယူချက်ဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်ခံသောကြောင့်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ အပြီးအပိုင် နုတ်ထွက်ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ကူဝိတ်နိုင်ငံ **Kuwait Foreign Petroleum Exploration Corporation, (KUFPEC) ရေနံကုမ္ပဏီမှ Deputy Managing Director, Mr. A. Naser Y.Al-Fulaij ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ကူဝိတ်နိုင်ငံရေနံကုမ္ပဏီမှ ညှိအဖွဲ့တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ကူဝိတ်နိုင်ငံ Kuwait Foreign Petroleum Exploration Corporation, (KUFPEC) ရေနံကုမ္ပဏီမှ Deputy Managing Director, Mr. A. Naser Y.Al-Fulaij ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်းအသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)က ညောင်တုန်းမြို့နယ်၌ နှစ်စဉ်တပေါင်းလပြည့် (ဖေဖော်ဝါရီ ၂၇ရက်) နံနက်ရနာရီတွင် စုပေါင်းလှူဒါန်းကြမည်ဖြစ်သည်။ အဆိုပါ စုပေါင်းလှူဒါန်းပွဲသို့ အသင်းသူအသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဦးလှမြင့် ဖုန်း-၆၄၁၄၃၅၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကျော် ဖုန်း-၅၆၅၄၇၉၊ ၀၉-၅၁၁၄၁၂၅ နှင့် အတွင်းရေးမှူး ဦးစိုးဝင်း ဖုန်း-၂၀၃၅၀၁၊ ၀၉-၅၁၄၉၀၆၃ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်နေပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ်(၈) တွင် အပတ်စဉ်ပါနေကျဖြစ်သော Political Times အထူးအချပ်ပိုအပါအဝင် လူတုပ်ကွေးရောဂါ တစ်ကျော့ပြန်လာပြန်ရာ ကူးစက်မှုမပြန့်ပွားရေး အထူးသတိရှိရန်လိုလာပြီ ကျန်းမာရေးသုံးသပ်မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာဦးကိုကိုလှိုင်ရေးသားသည့် နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဆရာမှူးဇော်၏ ၂၀၁၀အလွန် လူ့အဖွဲ့အစည်းနှင့် တတိယကဏ္ဍ စသည့် နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ၊ မြန်မာနိုင်ငံရှိ ဈေးကြီးများ မီးဘေးကြိုတင်ကာကွယ်မှု အားနည်းနေခြင်းကြောင့် စိုးရိမ်နေရ၊ မြန်မာ့ပထမဆုံး ပုဂ္ဂလိက သတင်းနှင့်ဆက်သွယ်ရေး အင်ဂျင်နီယာတက္ကသိုလ် AIT နှင့် ပူးပေါင်းဖွင့်မည်၊ လေးမြို့မြစ်ရေအားလျှပ်စစ်စီမံကိန်း တရုတ်နှင့် ပူးပေါင်းဆောင်ရွက်၊ ကိုရီးယားစကောလားရှစ် ဖောင်ဒေးရှင်းက ကန်ဒေါ်လာ ၄၀၀၀ခန့် တန်ဖိုးရှိ စာရေးကိရိယာများ လှည်းကူးရှိကျေးရွာများတွင်လှူ၊ မြန်မာနိုင်ငံတွင် ပထမဆုံး နက်ခ်ဝပ်ချိတ်ဆက် ဘဏ်လုပ်ငန်းစနစ် စမ်းသပ်အသုံးပြုပြီ၊ ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်ခွင့်တွေပေးတာ ကောင်းသလား Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ပွင့်လင်းရာသီနှင့် မီးဘေးအန္တရာယ်၊ သရုပ်ဆောင်ဘက်မှာဆိုရင် ဗီလိန်ဇာတ်ရပ်ကို လုပ်ချင်တယ် အေသင်ချိုဆွေနှင့် လိုတိုဖျူးစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကျားနှစ်တွင် အာရှဈေးကွက်ဦးမော့နေဦးမည်၊ အကြီးမားဆုံးထီဆုကြီး ဗြိတိန်ဖနီးမောင်နှံ ဆွတ်ခူး၊ ချယ်လ်ဆီးအသင်းမှ အက်ရှ်လေကိုးလ် လိင်အရှုပ်တော်ပုံများနှင့် မကောင်းသတင်းထွက်နေ၊ လန်ဒန်ဖက်ရှင်လောက၏ဘုရင် အလက်ဇန္ဒြားမက်ကွင်း ရုတ်တရက် ကွယ်လွန်၊ စိတ်သောကများသူတွေ အသက်တိုနိုင် သတိထား၊ ဟားမာ့စ်အဖွဲ့ခေါင်းဆောင် ဒူဘိုင်းရှိ ကြယ်ငါးပွင့်ဟိုတယ်တစ်ခုတွင် အသတ်ခံရ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၅-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်)**
 ဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၂၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (သတ္တဝါများကို ချစ်ခင်ကြင်နာပါ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (စိုးပိုင်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (သောမတ်အယ်ဒီဆင် - ဒေါက်တာခင်မောင်ညို)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (စိန်ခြူးကြာညောင် ဘောလယ်ရှသ)
၁၂း၃၀ Music Talk (12) တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရ တေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (သီရိဂေဟာ ဖြစ်ကြစေဖို့) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ **ချစ်သူ သူရဲကောင်း**(အပိုင်း-၁)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း **(လာမယ့်ဘေး ပြေးတွေ့)**
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (ကမ္ဘာ့ထူးခြားမှတ်တမ်းများ) (အပိုင်း-၅)
၁၉း၄၀ ရေဒီယိုအတိုတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (နှလုံးသားထဲက တေးသံ)
၂၀း၅၀ တေးသံစုံ-စန္ဒရား မြင့်သိန်းနှင့်အဖွဲ့ စီးပွားရေးဦးတည်ချက် ဆောင်းပါး (ယုံကြည်မှု)
၂၁း၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ နှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ၂၀၀၃ ခုနှစ်မှ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၈ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော နိုင်ငံပေါင်း ၆၁နိုင်ငံရှိပြီး ၂၀၁၀ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၀နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **လူသို့ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု။** ၂၀၀၃ခုနှစ်မှ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်အထိ နိုင်ငံ ၁၅နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1)လူသို့ ကူးစက်မှု ၄၇၈ဦးရှိပြီး ၂၈၆ဦးသေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ သုံးကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံ၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြန်လည်နေရာချထားရေးရပ်ကွက်ရှိ တိုင်းရင်းကြက်အချို့၌လည်းကောင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသဖြင့် ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး။** အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရန်။

(ခ) မွေးမြူထားသော ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်များကို စာကလေး၊ ကျီးကန်း၊ ခို၊ ဆက်ရက်အပါအဝင် ငှက်ရိုင်းများနှင့် ထိတွေ့မှုမရှိရေး စီမံဆောင်ရွက်ရန်။

(ဂ) ရောဂါဖြစ်ပွားသည့် ကြက်ငှက်များနှင့် ၎င်းကြက်ငှက်ထွက်ပစ္စည်းများကို ရောင်းချခြင်း၊ စားသုံးခြင်း၊ ကြက်ငှက်အသေကောင်များ၊ ကြက်ငှက်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်။

(ဃ) ကြက်ခြံအတွင်းသို့ ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်ငှက်အသား၊ ဥနှင့် ကြက်ငှက်ထွက်ပစ္စည်းများကို ကျက်အောင်ချက်ပြုတ် စားသုံးရန်။

(စ) ကြက်ငှက်များ သေဆုံးကြောင်းသိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပေးပို့ရန်။

(ဆ) ရောဂါစူးစမ်းရှာဖွေခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ပြည်သူလူထု အသိပညာမြှင့်တင်ရေး နည်းပြသင်တန်းဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE Myanmar တို့ ပူးပေါင်းဖွင့်လှစ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ပြည်သူလူထုအသိပညာမြှင့်တင်ရေးနည်းပြသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ လေ့ကျင့်ပညာပေးရေး သင်တန်းခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးနှင့် CARE Myanmar မှ Country Director Mr. Brian Agland တို့က သင်တန်းဖွင့်အမှာစကား ပြောကြားကြသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဌာနအကြီးအကဲများနှင့် သင်တန်းနည်းပြများ၊ CARE Myanmar မှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အသိပညာမြှင့်တင်

သင်တန်းသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်/တိုင်း ကိုးခုမှ မြို့နယ်ဦးစီးမှူး၊ သင်တန်းသား ၁၀ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ အဆိုပါသင်တန်းဆင်းပြီးပါက သင်တန်းဆင်းများသည် မိမိတို့သက်ဆိုင်ရာ မြို့နယ်အလိုက်၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်သား ၂၀စီအား ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချပြီး ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ပြည်သူလူထု အသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအကြောင်း သိကောင်းစရာပညာပေး လှိုင်သာယာ၌ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် မွန်းတည့် ၁၂နာရီက လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင် တက်ရောက် အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်ဆန်းထက်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ **(၀၉၇)**

ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၁။ **ကြက်သေဆုံးမှု။** ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပြန်လည်နေရာချထားရေးရပ်ကွက်ရှိ နေအိမ်တစ်ခုတွင် မွေးမြူထားသော တိုင်းရင်းကြက်အချို့ သံသယဖြစ်ဖွယ်သေဆုံးသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရန်ကုန်တိရစ္ဆာန် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ဖေဖော်ဝါရီ ၁၉ရက်တွင် ပေးပို့ခဲ့သည်။

၂။ **ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု အတည်ပြုခြင်း။** အဆိုပါ ကြက်အသေကို ရန်ကုန်တိရစ္ဆာန် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း၌ စစ်ဆေးရာ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါ (Highly Pathogenic Avian Influenza- HPAI) ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ယင်းသို့ စစ်ဆေးတွေ့ရှိချက်ကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)နှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အသိပေးအကြောင်းကြားပြီးဖြစ်သည်။

၃။ **အရေးယူဆောင်ရွက်ချက်။** အဆိုပါ ကြက်ခြံနှင့် ယင်းခြံပတ်ဝန်းကျင်ရှိ ကြက်၊ ဘဲများ၊ ကြက်ဥများကို ဖေဖော်ဝါရီ ၂၀ရက်တွင် သုတ်သင်ရှင်းလင်းခဲ့ပြီး ရောဂါထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

** ရှေ့မှ*

ဖြည့်ဆည်းမှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၏ ဖွံ့ဖြိုးစည်ပင်မှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြပြီး ရွှေဘိုမြို့နယ် နွယ်ညိမ်းကျေးရွာသို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ဧရာဝတီမြစ်ကူး ရတနာသိင်္ဃတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ မြို့မိမြို့ဖများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလုပ်ကိုကြိုးစား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နွယ်ညိမ်းကျေးရွာအုပ်စုရှိ ဒေသခံ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နိုင်ငံတော်အစိုးရအနေ အလုပ်ကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နွယ်ညိမ်းကျေးရွာရှိ အဝေမ်း စဉ့်လုပ်ငန်းရှင် ဦးသောင်းညွှန့်၏ မြန်မာ့စဉ့်အိုး၊ ပန်းအိုးမျိုးစုံနှင့် စဉ့်ထည်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်မှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နွယ်ညိမ်းကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြရာ ကသာ-မိုးတားကြီးရထားလမ်းကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ကသာမြို့နယ် မိုးတားကြီးကျေးရွာသို့ ရောက်ရှိကြ၍ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအောင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မိုးတားကြီးစီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက ကသာ-စင်းခန်း ကားလမ်းဖောက်လုပ်မှု အခြေအနေကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက မိုးတားကြီးမှ ဗန်းမော်အထိ ရထားလမ်း ဆက်လက်ဖောက်လုပ်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တိုး၍ကြိုးစားလုပ်ကိုင်

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဤဒေသသည် မိုးများသောဒေသဖြစ်၍ မိုးမကျမီ ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ပြီးစီးနိုင်သည်ထက် တိုး၍ကြိုးစား လုပ်ကိုင်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကသာ-ဗန်းမော် မြေသားလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင် မိုင်တိုင်အမှတ်(၁၄/၄)အနီး၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖောက်လုပ်ပေးခဲ့

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုးတားကြီးဘူတာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြပြီး ကသာခရိုင် မိုးတားကြီးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအားတွေ့ဆုံ၍ ကသာနှင့် ဗန်းမော်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများနှင့် အလှမ်းဝေးကွာသော ဒေသများဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့မှုကြောင့် ယင်းအခြေအနေကို နိုင်ငံတော်အကြီးအကဲက သိမြင်ခဲ့သဖြင့် ဤဒေသကို အခြားဒေသများနည်းတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် ကားလမ်းများ၊ ရထားလမ်းများကို ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယခုအခါ ကသာ-မိုးတားကြီး ရထားလမ်းကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့မှုအခြေအနေ၊ မိုးတားကြီးမှ တစ်ဆင့် ဗန်းမော်မြို့အထိ ဆက်လက်ဖောက်လုပ်မည့် အခြေအနေ၊ မကြာမီကာလတွင် ဤဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု လမ်းပန်းဆက်သွယ်ရေး အသီးအပွင့်များကို ခံစားနိုင်တော့မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်က ယခုကဲ့သို့ တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများကို မိမိတို့ သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဗန်းမော်တက္ကသိုလ်

ဗန်းမော်တက္ကသိုလ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က တံတားတည်ဆောက်မည့် အဆိုပြုနေရာ၊ အကြိုမြေစမ်းသပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှု၊ တံတားဒီဇိုင်းနှင့် မြစ်ရေအမြင့်ဆုံးရေအမှတ်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းပေးပြီး လမ်းနှင့် တံတားလုပ်ငန်းများ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြီးစီးရေး ကြိုတင်စီမံ ဆောင်ရွက်သွားရန် မှာကြားသည်။

ဖြင့် နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် လမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိရာ လမ်းများနှင့်ဆက်စပ်သည့် တံတားများကိုပါ တည်ဆောက်ပေးလျက် ရှိကြောင်း၊ ယခုအခါ ဤဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ဧရာဝတီမြစ်ကူး ရတနာသိင်္ဃတံတားကိုလည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ တံတားကြီးပြီးစီးသွားပါက မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့အပြင် မြန်မာပြည်အောက်ပိုင်းဒေသများသို့ပါ လွယ်လင့်တကူ သွားလာနိုင်မည်ဖြစ်ကာ ကုန်စည်များ လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ယခုကဲ့သို့ နိုင်ငံတော်က ဆောင်ရွက်ပေးသည့် အခြေခံကောင်းများအပေါ်တွင် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင်

24-2 (07).pmd 1 2/24/2010, 4:01 AM

စာမျက်နှာ ၇ မှ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က ကသာ-ဗန်းမော်ဒေသ ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုးတားကြီးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကသာခရိုင်အတွင်း တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဧရာဝတီတံတား(စင်းခန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧရာဝတီတံတား(စင်းခန်း) တည်ဆောက်မှု အခြေအနေများကို စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

ယာဉ်တွဲပါရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က စင်းခန်းတံတားသည် နှစ်လမ်းမောင်း ကားလမ်းနှင့် မီးရထားလမ်းတစ်လမ်း ယာဉ်တွဲပါရှိသည့် သံကူကွန်ကရစ်၊ သံမဏိ သံပေါင် တံတားအမျိုးအစားဖြစ်ပါကြောင်း၊ ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၃၂၀၊ အမြင့် ၄၇ပေ ဖြစ်ပါကြောင်း၊ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ဖြစ်ပါကြောင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗန်းမော်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဆေးရုံ၌ကျင်းပသော ဗန်းမော်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းနှင့် အလင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြကာ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု ခံယူကြမည့်သူများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မျက်စိစမ်းသပ် ခွဲစိတ်ကုသမှု ခံယူပြီးသော ဝေဒနာရှင်များအား အလင်းဖွင့်ပေးပြီး အခမဲ့ မျက်မှန်များကို တပ်ဆင်ပေးသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြ... ချမ်းအေးသာစံမြို့နယ် ၆၂လမ်းရှိ မနော်ရမန်ဥ... နှင့် ကျန်းမာရေးလေ့ကျင့်ရန် ကိရိယာများအသုံး... ကွန်ကရစ်ဘလောက်တုံးခင်းခြင်းလုပ်ငန်း ဆော... စစ်ဆေးစဉ်။

အားပေးစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော်မြို့ ပြည်သူ့ဆေးရုံကြီး၌ကျင်းပသော ဗန်းမော်ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးခြင်းနှင့် အလင်းဖွင့်ပွဲ အခမ်းအနားတွင် မျက်စိစမ်းသပ် ခွဲစိတ်ကုသမှုခံယူကြမည့်သူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗန်းမော်တက္ကသိုလ်ခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဗန်းမော်မြို့ မြို့တော်ခန်းမသို့ ရောက်ရှိပြီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိုးတားကြီးဘူတာ၌ ကသာခရိုင် မိုးတားကြီးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကဏ္ဍအောက်ရှိ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း မိမိတို့ဒေသများတွင်ပင် အဆင့်မြင့်ပညာ သင်ယူနိုင်စေရအောင် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု၌ ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို ဖွင့်လှစ်ပေးထားပြီဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း မိမိတို့ ဒေသများ၌ပင် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းနှင့် အထူးကုဆရာဝန်



မြို့မိမြို့ဖများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိစေရေးကို မျက်ခြည်မပြတ် ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လွယ်ကူစေရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးချဲ့ဖွင့်လှစ်

တစ်ချိန်တည်းမှာပင် ပညာရည်မြင့်မားရေးအတွက် အခြေခံပညာ

များပါ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အလားတူ စီးပွားရေး လုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အအုံများကိုလည်း ဖြည့်ဆည်းတည်ဆောက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ အခြေခံ အဆောက်အအုံများကို ဖြည့်ဆည်းပေးထားပြီး

စဉ့်ထည်ပစ္စည်းအမျိုးမျိုး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နွယ်ညိမ်းကျေးရွာရှိ အေဝမ်းစဉ့်လုပ်ငန်းရှင်ဦးသောင်းညွန့်၏ မြန်မာ့စဉ့်အိုး၊ ပန်းအိုးမျိုးစုံနှင့် စဉ့်ထည်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်မှုလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားလမ်းဆိုင်ရာ အချက်အလက်များ၊ ဘူတာများအခြေအနေ၊ မြေကြီးလုပ်ငန်း ၅၀ရာခိုင်နှုန်းပြီးစီး၍ မိုးမကျမီ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ကူးတံတား(စင်းခန်း) တည်ဆောက်ရေးစီမံကိန်းမှ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ထွက်ခွာခဲ့ကြပြီး ဗန်းမော်မြို့သို့

အခမဲ့မျက်မှန်တပ်ဆင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးများနှင့် ဝန်ကြီးများသည် မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု ခံယူပြီးသော ဝေဒနာရှင်များအား အလင်းဖွင့်ပေးကြပြီး အခမဲ့ မျက်မှန်များကို တပ်ဆင်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် ဗန်းမော်တက္ကသိုလ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါက်တာစိန်ထွန်းနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေဂူမြို့နယ် နွယ်ညိမ်းကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၂လမ်းရှိ မနော်ရမန်ဥယျာဉ်ရှေ့၌ စက်ဘီးလမ်းနှင့် ကျန်းမာရေးလေ့ကျင့်ရန် ကိရိယာများအသုံးပြုနိုင်မည့် လူသွားစင်္ကြံ၌ ကွန်ကရစ်ဘလောက်တုံးခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကဏ္ဍအောက်ရှိ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း မိမိတို့ဒေသများတွင်ပင် အဆင့်မြင့်ပညာ သင်ယူနိုင်စေရအောင် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု၌ ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို ဖွင့်လှစ်ပေးထားပြီဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း မိမိတို့ ဒေသများ၌ပင် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းနှင့် အထူးကုဆရာဝန်များပါ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အလားတူ စီးပွားရေး လုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အအုံများကိုလည်း ဖြည့်ဆည်းတည်ဆောက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ အခြေခံ အဆောက်အအုံများကို ဖြည့်ဆည်းပေးထားပြီး ဖြစ်၍ ယင်းဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ဒေသခံပြည်သူများ လက်တွေ့ ခံစားနေကြရပြီဖြစ်ကြောင်း။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူးများနှင့် ဝန်ကြီးများသည် စားသောက်ဖွယ်ရာများ၊ စာအုပ်စာစောင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝတ်စုံများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ်(ဖန်းမော်)သို့ ရောက်ရှိကြပြီး နိုင်ငံတော် ဝန်ကြီးချုပ်က ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ဖန်းမော်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ဆရာ ဆရာမများအား တွေ့ဆုံ အမှာစကား ပြောကြားရာ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာရှင်များ၊ အတတ်ပညာရှင်များနှင့် အသိပညာရှင်များသည် အဓိကကျသော အခန်းကဏ္ဍက ပါဝင်ကြောင်း။

မြှေးထုတ်ပေး

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် နိုင်ငံတော်က စီမံကိန်းများချမှတ်၍ မွေးထုတ်ပေးလျက်ရှိကြောင်း။

သင်ကြားပေး

ယင်းသို့ ကြီးမားသော မျှော်လင့်ချက်ဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်လျက် ရှိရာတွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်များကို နိုင်ငံတော်က အားထားရသည့်သူများဖြစ်အောင်၊ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန် လိုကြောင်း၊ ဆရာ ဆရာမများ ကိုယ်တိုင် မိမိတို့ တာဝန်ယူရသည့် ဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်ရန်လိုကြောင်း။

တပည့်များကို တော်အောင်၊ စာတတ်အောင်သာမက စည်းကမ်းကောင်းအောင်၊ ကိုယ်ကျင့်တရားကောင်းအောင်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ရလဒ်ကောင်း

ယင်းအောင်မြင်မှုသည် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းပင် ဖြစ်ကြောင်း။

အခြေခံကောင်း

မိမိနိုင်ငံနှင့် အမျိုးသား အကျိုးဖြစ်ထွန်းရေးအတွက် ဖော်ဆောင်ပေးထားသည့် အခြေခံကောင်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး **မြန်မာသည် မြန်မာအတွက်ဖြစ်ရမည်၊ မြန်မာသည် မြန်မာယောင်ဆောင်ထားသော တိုင်းတစ်ပါးအလိုတော်ရိမဖြစ်စေရ၊ မြန်မာသည် မြန်မာယောင်ဆောင်ထားသော တိုင်းတစ်ပါးလက်ကိုင်တုတ် မဖြစ်စေရ** ဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဝတ်အထည်များကို ဖန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်ထံ ပေးအပ်သည်။

မျက်မှန်များ တပ်ဆင်ပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖန်းမော်မြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု ခံယူပြီးသော ဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးစဉ်။

(သတင်းစဉ်)

မြေသားလုပ်ငန်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကသာ-ဖန်းမော် မြေသားလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင် မိုင်တိုင်အမှတ် (၁၄/၄)အနီး၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရတနာသိဃ်တံတား တည်ဆောက်မည့်နေရာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရတနာသိဃ်တံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်ရွက်ရပ်မှ ဧရာဝတီမြစ်ကူး ရတနာသိဃ်တံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာသည် မြန်မာအတွက် ဖြစ်ရမည်၊ မြန်မာသည် မြန်မာယောင်ဆောင်ထားသော တိုင်းတစ်ပါး အလိုတော်ရိ မဖြစ်စေရ၊ မြန်မာသည် မြန်မာယောင်ဆောင်ထားသော တိုင်းတစ်ပါး လက်ကိုင်တုတ် မဖြစ်စေရ။

အမျိုးသမီးများ၏ ကောင်းမြတ်သော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြပါစို့

မောင်ကျော်ဟိုး (မဟာဝိဇ္ဇာ)

မြန်မာနိုင်ငံ၏ လူဦးရေ သန်း ၆၀နီးပါးအနက် အမျိုးသားများမှာ ၄၉ ရာခိုင်နှုန်းကျော်မျှသာရှိပြီး အမျိုးသမီးများမှာ ၅၀ ရာခိုင်နှုန်းကျော် ရှိသည်။ ဤမျှ ထုထည်ကြီးမားစွာရှိနေသည့် အမျိုးသမီးများသည် နိုင်ငံတော်သစ်ထူထောင်ရေးတွင် စွမ်းစွမ်းတမံ တက်ကြွစွာ ပါဝင်ကြရန်ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် ယနေ့ကဲ့သို့သော ပါတီစုံစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တွင် အမျိုးသားများနှင့်လက်တွဲ၍ အမျိုးသားနိုင်ငံရေး အင်အားစုကြီးအဖြစ် ရပ်တည်ဆောင်ရွက်ရန် အချိန်ရောက်ရှိနေသည်။

မြန်မာ့နိုင်ငံရေး လှုပ်ရှားမှုသမိုင်းကို ပြန်ပြောင်းကြည့်လျှင် အမျိုးသမီးများသည် အမျိုးသားများထက် နိုးကြားတက်ကြွမှုတွင် နောက်မကျခဲ့ပါ။ မြန်မာတိုင်းရင်းသူ အမျိုးသမီးများ၏ ခိုင်မာသောခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သမျှသည် သက်ဆိုင်ရာ သမိုင်းကဏ္ဍအလိုက် မှတ်တမ်းပြုထိုက်သည့် အနေအထားတွင် ရှိခဲ့သည်ကို တွေ့ရှိနိုင်သည်။

- ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံဖြင့် ထိပ်ဆုံးရောက်ခဲ့သော ဝံသာနုခေတ်
- ၁၃၀၀ ပြည့် အရေးတော်ပုံဖြင့် ထိပ်ဆုံးသို့ရောက်ခဲ့သော အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုခေတ်
- မြန်မာ့လွတ်လပ်ရေးတပ်မတော်ဖြင့် ထိပ်ဆုံးသို့ရောက်ခဲ့သော အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေးခေတ်
- ၁၉၄၅ခုနှစ် မတ်လတော်လှန်ရေးတွင် ထိပ်ဆုံးရောက်ခဲ့သော ဖက်ဆစ်ဂျပန်တိုက်ဖျက်ရေး အမျိုးသားလွတ်မြောက်ရေးခေတ်

ဤခေတ်အဆက်ဆက်တွင် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု တိုက်ပွဲများ၌ အမျိုးသမီးများ၏ မြင့်မြတ်သော ဇာတိမာန်နှင့် ကြီးမားသော အလုပ်စွမ်းရည် စသည်များဖြင့် အထောက်အကူပေးခဲ့သည်များကို တွေ့မြင်နိုင်သည်။

မြန်မာ့သမိုင်းတွင် ကောင်းမြတ်သော အစဉ်အလာရှိခဲ့ကြသည့် အမျိုးသမီးများသည် ယနေ့နိုင်ငံတော်သစ် ထူထောင်ရေးတွင် နောက်ချန်မနေကြဘဲ တက်ကြွနိုးကြားစွာ ပါဝင်ဆင်နွှဲကြရန် ဖြစ်သည်။ အမျိုးသမီးများ၏ လက်ရှိအခြေအနေသည် အမျိုးမျိုး ရှိနေကြသည်။

နိုးကြားတက်ကြွသော အမျိုးသမီးအစိတ်အပိုင်းသည် ယနေ့နိုင်ငံတော်သစ်ထူထောင်ရေးတွင် မိမိတို့ရှိသမျှစွမ်းအားဖြင့် ပါဝင်ကြိုးပမ်းရန် အသင့်ရှိနေကြသည်။

ယခင် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းအသီးသီးတွင် ပါဝင်ခဲ့ကြဖူးသော အချို့အမျိုးသမီးအစိတ်အပိုင်းသည် အဘက်ဘက်မှ ယိုယွင်းနေသော ခေတ်အတွင်း ယုံကြည်ချက်အမျိုးမျိုး၊ ခံယူချက်အမျိုးမျိုးဖြင့် မိမိတို့သမိုင်းခရီးကို ဖြတ်သန်းခဲ့ကြသော်လည်း ယနေ့ နိုင်ငံတော်သစ်ထူထောင်ရေး လုပ်ငန်းတာဝန်နှင့် ကင်းကွာလျက်ရှိကြသည်။

အချို့သော အမျိုးသမီးအစိတ်အပိုင်းမှာမူ ယနေ့နိုင်ငံတော်သစ် ထူထောင်ရေးတာဝန်သည် အမျိုးသမီးများ၏ အရာမဟုတ်။ ယောကျာ်းများ၏ အရေးအရာ တာဝန်သာဖြစ်သည်ဟု သမားရိုးကျ ယူဆလျက်ရှိနေကြသည်။

အချို့အမျိုးသမီးအစိတ်အပိုင်းမှာ ကိုယ့်အားကိုယ်ကိုး ကိုယ်ထူးကိုယ်ချွန်စိတ်များကင်းမဲ့လျက် အေးအေးပေါ့ပေါ့ နေလိုသောစိတ်၊ ခင်ပွန်းယောကျာ်းကိုသာ အမှီခိုကဲလွန်းသော အလေ့အထ၊ ပလွှားဝါကြွားသော အပြုအမူနှင့် မလိုလားအပ်သည့် တုပြိုင်မှုများအတွင်း နစ်မွန်းလျက်ပင် ရှိနေကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့် ခေတ်ဟောင်း၊ စနစ်ဟောင်း၏ အတွေးအခေါ်အယူအဆ၊ လုပ်နည်းလုပ်ဟန်များကို အချို့သောအမျိုးသမီးများသည် မစွန့်လွှတ်နိုင်ကြသေးပါ။ စနစ်ဟောင်း၊ ခေတ်ဟောင်း၏ အမွေခံများအရ အမျိုးသမီးအချို့သည် ခိုကိုးရာမဲ့ဖြစ်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း စသည်တို့ ရှိနေသည်။

အမျိုးသမီးအများစုမှာမူ မိမိတို့၏ဘဝကို ကျဉ်းမြောင်းသော အိမ်ထောင်ရေးဘဝတွင် မြှုပ်နှံထားကြသည်။ သားမွေးခြင်း၊ ကလေးထိန်းခြင်း၊ အဝတ်လျှော်ခြင်းနှင့် စားဖိုချောင်အတွင်း၌ နစ်မွန်းလျက် အချိန်ပေါင်းများစွာ ကုန်လွန်နေကြသည်။

ယခင်ခေတ်ဟောင်း၊ စနစ်ဟောင်း၏ အတွေးအခေါ်များ၊ ဓလေ့ဟောင်း များမှ ဆင်းသက်လာခဲ့သည့် မိန်းမဖျက် ပြည်ပျက်၊ ကြက်မတွန်လို့ မိုးမလင်း၊ ယောကျာ်းကောင်း မောင်းမတစ်ထောင် စသည့် အယူအဆများသည် အမျိုးသမီးများအပေါ် အထင်အမြင်သေးမှု၊ လူရာမသွင်းလိုမှု၊ အိမ်ထောင်ရေး၌ ခြယ်လှယ်မှု၊ ယောကျာ်းနှင့် မိန်းမ တန်းတူအခွင့်အရေးမပေးလိုမှု စသည့် အကျိုးသက်ရောက်မှုများတွင် နိဂုံးဆိုက်စေခဲ့သည်။ ဤအဖြစ်ဆိုးများသည် နိုင်ငံတော်သစ်ထူထောင်ရေး အဆင့်စခန်း ရင့်ကျက်လာသည်နှင့်အမျှ တဖြည်းဖြည်း တိမ်ကောပပျောက်သွားမည်သာဖြစ်သည်။

ယခင် ပါလီမန်ဒီမိုကရေစီစနစ် အတွေးအခေါ် အယူအဆများနှင့် အပြုအမူများသည် တကယ်ပင် သဘာဝကျ၍ မှန်ကန်လေဟန်၊ မိမိတို့ကိုယ်တိုင်က ယုံကြည်နေသဖြင့် မိမိတို့ဘဝကို နိမ့်ကျစွာတွက်ဆထားသည့် အချို့သော အမျိုးသမီးများ ရှိနေသည်။

အချို့အမျိုးသမီးများသည် နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုလုပ်ရပ်များကို မေ့လျော့ပြီး နယ်ချဲ့ကိုလိုနီတို့၏ ဩဇာကို ငုံ့ခံနေခြင်း၊ အထင်ကြီးခြင်း၊ မိမိနိုင်ငံကို အထင်သေးခြင်းများ ရှိနေကြသည်။

မြန်မာနိုင်ငံသမိုင်းစဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ထွန်းပြောင်ခဲ့သည်။ ကြီးမားခဲ့သည်။ အမျိုးသမီးများ၏ တက်ကြွမှု၊ ညီညွတ်မှု၊ အမျိုးကိုချစ်သည့် ဇာတိမာန်စသည့် ကောင်းသောအစဉ်အလာများသည် နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူအားတက်ဖွယ်ဖြစ်ခဲ့သည်။

ယနေ့ကာလ မြန်မာအမျိုးသမီးထုကြီးသည် ကောင်းမြတ်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းရန်နှင့် တိုးမြှင့်ဆောင်ရွက်ရန်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အမျိုးသမီးထုကြီး၏ စွမ်းအားကို နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့သည်။ အမျိုးသမီးရေးရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြီးမားကျယ်ပြန့်သည်နှင့်အမျှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်စွာ လွှမ်းခြုံဆောင်ရွက်နိုင်ရန် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့မှစ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖွဲ့စည်းခဲ့သည်။ မြန်မာအမျိုးသမီးများနေ့ကို မူလဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ရက်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည်-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်

(၄) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ရန်

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်

ဟူသော ရည်ရွယ်ချက်များကို ချမှတ်ထားရှိသည်။ ချမှတ်ထားသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားကို ရှေးရှုသည့်အခြေခံမူများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။

၎င်းတို့မှာ -

(၁) ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် အမျိုးသားရေးဆိုင်ရာအခြေခံမူ

(၂) ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးအနက်ထား ဆောင်ရွက်မည်ဆိုသည့် တိုင်းရင်းသားရေးရာ အခြေခံမူ

(၃) ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် လူမှုရေးဆိုင်ရာ အခြေခံမူ

(၄) အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် အမျိုးသမီးရေးရာ အခြေခံမူ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ်တွင် ရည်ရွယ်ချက်(၂)မှ (၇)ရပ်၊ အခြေခံမူ(၃)မှ (၄)တို့သည် အမျိုးသမီးများ၏ အခြေတင့်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပိုမိုပြည့်စုံစွာရရှိစေလျက် အမျိုးသမီးတို့၏ဘဝကို ပိုမိုမြင့်မားလာစေရန်ဖြစ်သည်။ ရည်ရွယ်ချက်(၁)နှင့် အခြေခံမူ(၁)၊ (၂)တို့သည် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်သည်။ ရည်ရွယ်ချက်(၁)မှာ "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်" ဖြစ်သည်။ အခြေခံမူ(၁)မှာ "ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်။" အခြေခံမူ(၂)မှာ "ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အလေးအနက်ထားဆောင်ရွက်မည်" ဖြစ်သည်။ မွန်မြတ်သော ရည်ရွယ်ချက်၊ အခြေခံမူများဖြစ်ပြီး အမျိုးသားနိုင်ငံရေးအင်အားစု၏ အမျိုးသားရေးလုပ်ငန်းများဖြစ်သည်။ တိုင်းရင်းသားပြည်သူ သန်း၆၀နီးပါး၏ အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိသည့် အမျိုးသားရေးလုပ်ငန်းစဉ်များဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကာလတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာနိုင်ငံအမျိုးသမီးထုကို ကိုယ်စားပြု မားမားမတ်မတ် ရပ်တည်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးထု တစ်ရပ်လုံးကလည်း မိမိတို့၏ ကောင်းမြတ်သောအစဉ်အလာကို ဆက်လက် ထိန်းသိမ်းရေးအတွက် အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးတွင် တလုံးတစည်းတည်း စုစည်းပါဝင်ကြရန် ဖြစ်သည်။

ဤသို့ပါဝင်ပြီး မြန်မာနိုင်ငံအပေါ် မှန်ကန်စွာ မရှုမြင်နိုင်သည့် ပြည်ပအားကိုးပုဆိန်ရိုးများ၊ အဆိုးမြင်ဝါဒီများ၊ ပြည်ထောင်စုကြီးကို ဖြိုခွဲရန် ကြံစည်မှုများ၊ ပြည်ပနိုင်ငံအချို့ စီးပွားရေးပိတ်ဆို့မှုများနှင့် တစ်ဖက်သတ် ဖိအားပေးမှုများကို အမျိုးသားရေး ခံယူချက်ဖြင့် အချင်းချင်းလက်တွဲ တွန်းလှန်တိုက်ဖျက်ကြရန်ဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်သစ်ထူထောင်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် အမျိုးသားရေး လှုပ်ရှားမှုများတွင် မြန်မာအမျိုးသမီးထု၏ တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့သည့်ကောင်းမြတ်သော အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရင်း မိမိတို့၏လက်ထက်တွင် ကျရောက်လာသည့် အမျိုးသားနိုင်ငံရေးအင်အားစုတွင် ပါဝင်ပြီး နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နတ်တလင်း-ကျောက်ခွက်လမ်း မြေနီခင်း

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော နတ်တလင်း-ကျောက်ခွက်လမ်း မြေနီခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၄ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်စိုးတို့က ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

ဂန့်ဂေါ၌ မိဘဂုဏ်ကျေးဇူးဟောပြောပွဲ ကျင်းပ

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာ မြတ်စွယ်တော်ပိဋကတ်တိုက် ကော်မတီနှင့် သုတရိပ်မြုံစာကြည့်တိုက်ကော်မတီတို့ ကြီးမှူး၍ နဝမအကြိမ် မိဘဂုဏ်ကျေးဇူး ဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက် ည ၈ နာရီက စွယ်တော်ရှင်တန်ဆောင်း၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်၊ အထက်တန်းပြဆရာ(ငြိမ်း)များဖြစ်သော ဦးရှန်းမော်၊ ဦးမောင်ကို (မောင်မေတ္တာယော)တို့က ဟောပြောကြသည်။ (၀၇၁)

ရေး၌ ငါးမျိုးစုံကုန်တက်စာရင်းကောက်ယူရေးရှင်းလင်း

မွန်ပြည်နယ် ရေးမြို့နယ် ဇီးဖြူသောင်စစ်ဆေးရေးစခန်းတွင် ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များ ဆိပ်ကမ်းသို့ စနစ်တကျ ဝင်ထွက်မှု ရှိ မရှိနှင့် ငါးမျိုးစုံကုန်တက်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၇ရက်က ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးမြင့်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြည်တို့ စစ်ဆေးရာ စခန်းတာဝန်ခံ ဦးမျိုးချစ်က ရှင်းလင်းတင်ပြသည်။ (မြို့နယ် ပြန်/ဆက်)

အင်းတော်ကြီး၌ ပလတ်စတစ်ကင်းစင်ရေးဆောင်ရွက်

သဘာဝဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးဌာန (အင်းတော်ကြီး ဘေးမဲ့တော) အင်းတော်ကြီးဒေသ တာဝန်ခံနှင့် ဝန်ထမ်းများဦးဆောင်၍ ညောင်ပင်၊ နန့်တောင်းဆည်၊ နန့်မီးလောင်၊ လုံးတုံ၊ မမုံကိုင်၊ မိုင်းနောင်၊ ရွှေလက်ပန်၊ လယ်ပုံ၊ ဟဲပါး၊ ဟဲပု၊ နန့်မောက္ကန်၊ လုံးစဥ့်၊ ရွာသစ်၊ နန့်မွန်း၊ လုံးကောက်၊ နန့်ဖောင်းစင်နှင့် လွဲမွန် စသည့် ကျေးရွာတို့မှ ကျေးရွာပြည်သူများသည် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ အင်းတော်ကြီးအင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးနှင့် ပလတ်စတစ်ကင်းစင်ရေး အတွက် စုပေါင်းဆောင်ရွက်ကြသည်။ (၀၀၂)

စစ်ကိုင်း ရွာမကျေးရွာ မူလွန်ကျောင်းဆောင်သစ်ဖွင့်

စစ်ကိုင်းမြို့နယ် ရွာမကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ဖြင့် အကုန်အကျခံ တည်ဆောက်ထားသည့် အလျားပေ ၉၀၊ အနံပေ ၃၀၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မိုး၊ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးလှရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ကွတ်ခိုင်၌ ကြွပ်ကြွပ်အိတ်သုံးစွဲမှုလျှော့ချရေး ပညာပေး

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုခန်းမ၌ ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဘုန်းမော်က ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအကြောင်း ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟသ်ာတ၌ အမှတ်(၁)မြို့ဝင်လမ်း ကျောက်ဖြည့်ပြုပြင်

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် ကျေးလက် (ပြုပြင်/မွမ်းမံ) လမ်းလုပ်ငန်းဖြစ်သည့် အမှတ်(၁) မြို့ဝင်လမ်း ကျောက်ဖြည့်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လမ်းဘေးဝဲ၊ ယာ ချုံနွယ်များ ရှင်းလင်းခြင်းကို ဇန်နဝါရီ ၇ ရက်က လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးချစ်ဦး ကွင်းဆင်းကြီးကြပ်သည်။ (မြို့နယ်စည်ပင်)

ပုဏ္ဏားကျွန်းမြို့ သာယာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော သာယာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အမှုဆောင်အရာရှိ ဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ် ရှော်ပြာ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်

ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းသည် ပုသိမ်ခရိုင်ရုံး မြို့နယ်ဦးစီးမှူး ဒေါ်မာလာဝင်းနှင့် ဝန်ထမ်းများ လိုက်ပါလျက် ဇန်နဝါရီ ၅ရက် နံနက် ၁၀နာရီက ပုသိမ်မြို့နယ် ရှော်ပြာကျေးရွာ ရွှေရိုးမစာကြည့်တိုက် စတင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (ခရိုင် ပြန်/ဆက်)

တားမြစ်နည်းများဖြင့် ငါးမဖမ်းရေးပညာပေး

ငါးပုစွန်ထုတ်လုပ်မှု တိုးတက်စေရေးနှင့် ငါးသယံဇာတများ မျိုးပြုန်းတီးမှုမဖြစ်စေရေးအတွက် တားမြစ်ထားသော နည်းလမ်းများဖြင့် ငါးဖမ်းဆီးခြင်းမပြုရေး ပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၉ ရက်က သာယာဝတီမြို့နယ် စံရွှေးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဦးစိန်မြင့်က အမှာစကားပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

အမြင့်ခုန်မယ် ဟတ်ဘာ့ဒ် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲဝင်ခွင့်ရ

ဂျာမနီအမြင့်ခုန်မယ် ဗစ်ကီဟတ်ဘာ့ဒ်သည် လာမည့်မတ်လတွင် ကာတာနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့အင်ဒိုးပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် အရည်အချင်းပြည့်မီကာ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ကလစ်ချကို ညီအစ်ကိုနှင့် ထိုးသတ်ရန် ဟာရီဆန်ပစ်မှတ်ထား

လက်ဝှေ့ကျော် အော့ဒ်လေဟာရီဆန်က ၄င်းအနေဖြင့် လာမည့်ဧပြီ ၉ရက်တွင် လန်ဒန်မြို့၌ ဥရောပဟဲဗီးဝိတ်ချန်ပီယံ အဲလ်ဘတ်ဆိုစနိုစကီအား ယှဉ်ပြိုင်အနိုင်ထိုးသတ်နိုင်ပါက လက်ဝှေ့ကျော် ကလစ်ချကို ညီအစ်ကိုနှစ်ဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ရန်ပစ်မှတ်ထားမည်ဟု ဖွင့်ဟပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဆင်ကလဲယားအား အနိုင်ယူနိုင်မည်ဟု ဗီရိုက်ခ်ယုံကြည်

လက်ဝှေ့ကျော် ဘရက်ဒ်လေဗီရိုက်ခ်က ၄င်းအား ယခင်က အနိုင်ယူထားခဲ့ဖူးသော နေးလ်ဆင်ကလဲယားအား ဖေဖော်ဝါရီ ၂၆ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲစဉ်၌ အနိုင်ယူနိုင်မည်ဟု ယုံကြည်မှုပြည့်ဝနေသည်ဟု ပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ရော့ဒ်ဝဲလ်အား ခေါ်ယူရေး လက်ရှောင်ရန် မိုယက်စ်ပြောကြား

အဲဗာတန်အသင်းမှ ဆယ်ကျော်သက် ကွင်းလယ်ကစားသမား ဂျက်ခ်ရော့ဒ်ဝဲလ်အား စာချုပ်ခေါ်ယူရန် စိတ်ဝင်စားနေကြသော ပြိုင်ဘက်အသင်းများကို လက်ရှောင်ရန် အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က သတိပေးပြောကြားလိုက်ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

အက်ရှ်လေကိုးလ်အား ရီရဲနှင့် ဘာကာတို့ ခေါ်ယူရန်စီစဉ်

ချယ်လ်ဆီးတွင် မပျော်မရွှင်ဖြစ်နေကာ အသင်းမှထွက်ခွာရန် ပြင်နေသော ဘယ်နောက်ခံလူ အက်ရှ်လေကိုးလ်အား ရီရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့က ခေါ်ယူရန် စီစဉ်နေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ခံစစ်မှူး အမ်ဘိုလာအား ခေါ်ယူရန် စပါးပြင်ဆင်

စပါးအသင်းသည် အမေရိကန်အသင်း ယီရီဗန်မှ အသက် ၁၆နှစ်အရွယ်ရှိ ဇမ်ဘီယာ ဘယ်နောက်ခံလူ အီမန်နျူယယ်အမ်ဘိုလာအား ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

အင်္ဂလန်-အီဂျစ်ပွဲစဉ်၌ ဂျိုးဟတ် ဂိုးသမားတာဝန်ယူမည်

လာမည့် မတ် ၃ရက်တွင် ယှဉ်ပြိုင်ကစားမည့် အင်္ဂလန်နှင့် အီဂျစ် ချစ်ကြည်ရေးပွဲစဉ်တွင် ဂျိုးဟတ်သည် အင်္ဂလန်ဂိုးသမားအဖြစ် တာဝန်ယူရမည်ဖြစ်ကြောင်း၊ အသက် ၂၃နှစ်ရှိ ဂိုးသမားဂျိုးဟတ်သည် မန်စီးတီးမှ အငှားစာချုပ်ဖြင့် ဘာမင်ဂမ်သို့ သွားရောက်ကစားနေစဉ်ကာလအတွင်း အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

မန်ယူအသင်း၌ အနာဂတ်ရှိဟု အန်ဒါဆင်ဖွင့်ဟ

ပြီးခဲ့သည့်လက မန်ယူနည်းပြ ဖာဂူဆန်၏ ခွင့်ပြုချက်မရဘဲ ဇာတိဘရာဇီးနိုင်ငံသို့ ပြန်သွားခဲ့သူ မန်ယူကွင်းလယ်ကစားသမား အန်ဒါဆင်က ၄င်း၏ အနာဂတ် မန်ယူတွင်ဆက် ရှိမည်ကို စဉ်းစားမိသည်ဟု ဖွင့်ဟခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

မာရီယာကို ခေါ်ယူရန် အသင်းကြီး ငါးသင်း အပြိုင်ကြိုးပမ်း

ဘင်ဖီကာ တောင်ပံကစားသမား အိန်ဂျယ်ဒီမာရီယာအား ခေါ်ယူစာချုပ်ရေးအတွက် ပရီမီယာလိဂ် အသင်းကြီး သုံးသင်းဖြစ်သည့် မန်ယူ၊ မန်စီးတီးနှင့် စပိန်ထိပ်သီးအသင်း နှစ်သင်းဖြစ်သည့် ရီရဲနှင့် ဘာစီလိုနာတို့ အပြိုင်ကြိုးပမ်းနေကြကြောင်း၊ ချယ်လ်ဆီးအသင်းသည် ဘာကာနှင့် ရီရဲတို့ကို ကျော်ဖြတ်လျက် မာရီယာအား ယူရိုသန်း ၄၀ဖြင့် ခေါ်ယူနိုင်ဖွယ်ရှိကြောင်း အိုင်အမ်စကောက်တီးကွမ်၌ ဖော်ပြသည်။

ခံစစ်မှူးဝီလ်ဆင်အား ခေါ်ယူရန် စတီဘရုစ် ပစ်မှတ်ထား

ဆန်းဒါးလန်းနည်းပြ စတီဘရုစ်သည် ပို့စ်မောက်ခံစစ်မှူး မာ့ခ်ဝီလ်ဆင်အား စာချုပ်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

စတာလင်အား ခေါ်ယူရရှိရေး မန်ယူရေပန်းစားနေ

မန်ယူအသင်းသည် ကျူပီအာရ်မှ အသက် ၁၅နှစ်အရွယ်ရှိ ပြောင်းရွှေ့ကြေးဖြင့် ကွင်းလယ်ကစားသမား ရာဟီးမ်စတာလင်အား ခေါ်ယူရရှိရေးတွင် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်း၊ ၄င်းအား မန်စီးတီး၊ အာဆင်နယ်နှင့် ဖူလ်ဟမ်တို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဘရာဇီးအကျော်အမော်ရော်နယ်ဒို(ဒိုကြီး)နားတော့မှာလား

မောင်မောင်မြင့်ဆွေ-စုစည်းရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

ဆော်ပေါလို ဖေဖော်ဝါရီ ၂၃

ကမ္ဘာ့ဘောလုံးလောက၌ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့သည့် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒို(ဒိုကြီး) အနားယူတော့မည်။ ကမ္ဘာ့ဘောလုံးပရိသတ်များအတွက် အားပေးရမည့် ကမ္ဘာကျော်ဘောလုံးသမားတစ်ဦး၏ ပုံရိပ်ကို အားကစားကွင်းများနှင့် ရုပ်မြင်သံကြားဖန်သားပြင်တို့၌ တွေ့မြင်ခွင့်ရရှိတော့မည် မဟုတ်ချေ။

အနားယူမည်

လာမည့် ၂၀၁၁ခုနှစ်၌ ဘောလုံးကစားခြင်းမှ အနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ရော်နယ်ဒိုက ဖေဖော်ဝါရီ ၂၃ရက်၌ တရားဝင် ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ ထိခိုက်ဒဏ်ရာရရှိသည့် အချိန်ကာလများနေသဖြင့် ကစားသည့် အသင်းတိုင်း၌ အချိန်ပြည့် ပါဝင်ကစားနိုင်ခြင်း မရှိသဖြင့် ရော်နယ်ဒိုစိတ်ဓာတ်ကျဆင်းခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့ ဆုံးဖြတ်ချက် ချလိုက်ခြင်း ဖြစ်သည်။

အရန်တိုက်စစ်မှူး

အသက်၁၇နှစ်သားအရွယ်မှ စတင်ကာ ကြေးစားဘောလုံးသမားဖြစ်လာခဲ့သည်။ ဘောလုံးစွမ်းရည်ထူးချွန်ထက်မြက်မှုကြောင့် အသက်၁၇နှစ်၌ပင် ဘရာဇီးဘောလုံးအသင်း၏ အရန်တိုက်စစ်မှူးအဖြစ် ရွေးချယ်ခံရသည်။ ဘောလုံးအရည်အချင်းပြည့်ဝသည့် လူငယ်ဘောလုံးသမားများစွာရှိသည့် ဘရာဇီးအမျိုးသား ဘောလုံးအသင်းတွင် စတင်ပါဝင်ကစားသည့်နှစ်မှ ဆက်တိုက် ရွေးချယ်ခြင်းခံရသည့် တိုက်စစ်မှူး တစ်ဦးလည်းဖြစ်သည်။ စပိန်၊ အီတလီကလပ်အသင်းများ၌ နှစ်ပေါင်းများစွာ ပါဝင်ကစားခဲ့ပြီး လက်ရှိအချိန်၌ ကိုရင်သီယန်အသင်းတွင် ပါဝင် ကစားလျက်ရှိသည်။

ရော်နယ်ဒိုစွမ်းရည်

ရော်နယ်ဒိုသည် မိခင်ဘရာဇီးအသင်းအတွက် နိုင်ငံတကာပွဲပေါင်း ၉၇ပွဲကစားပေးခဲ့ပြီး ၆၂ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ ဘရာဇီးအသင်းအား ၁၉၉၄ခုနှစ်

ရော်နယ်ဒို

ဘရာဇီး တိုက်စစ်မှူးနှင့် ကမ္ဘာကျော် ဘောလုံး သမား ရော်နယ်ဒို

နှင့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲများ၌ ဖလားရယူပေးနိုင်ခဲ့သည်။ အဆုံးအဖြတ် အနိုင်ဂိုးများကိုလည်း ကိုယ်တိုင်သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးလည်းဖြစ်သည်။

ရော်နယ်ဒို၏ ဘောလုံးစွမ်းရည် ထူးချွန်မှုကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ၁၉၉၆ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၀၂ခုနှစ်၌ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်ချီးမြှင့်ခဲ့သည်။ ထို့အတူ ရော်နယ်ဒိုသည် ကမ္ဘာပေါ်တွင် အကောင်းဆုံး ဘောလုံးသမားတစ်ဦးအဖြစ် အမြဲတမ်း အသိအမှတ်ပြုခံရမည့် ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားသည်။

ကစားမည်

မိမိအနေဖြင့် ၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ကစားရန် ဆန္ဒရှိနေကြောင်း၊ မိမိအားရွေးချယ်ပါက ဝမ်းမြောက်ဝမ်းသာစွာ ကစားရန်အသင့်ရှိကြောင်း ရော်နယ်ဒိုက ပြောကြားသည်။ တစ်ဖန် ၂၀၁၄ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌လည်း ပါဝင်ကစားလိုသော ဆန္ဒရှိနေကြောင်း၊ သို့သော်လည်း မိမိအသက်(၃၃)နှစ်ရှိပြီဖြစ်ရာ လူငယ်များကို နေရာပေးရမည်ဖြစ်ကြောင်း ရော်နယ်ဒိုက ဆက်လက် ပြောကြားသည်။

ဘရာဇီးတိုက်စစ်မှူးနှင့် ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒို(ဒိုကြီး)ကား ဘောလုံးကစားခြင်းမှ အနားယူတော့မည်။ လက်တွေ့၌ အနားယူမယူကိုမူ စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

လက်ထိပ်သဏ္ဍာန်လုပ်ပြသောမော်ရင်ဟို သုံးပွဲပယ်ပြီး ဒဏ်ငွေရိုက်ခံရ

မီလန် ဖေဖော်ဝါရီ ၂၃

အင်တာမီလန်အသင်းနည်းပြ မော်ရင်ဟိုသည် တာဝန်ရှိသူများအား ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင် ပြောဆိုခဲ့သည့်အတွက် သုံးပွဲပိတ်ပင်လိုက်သည့်အပြင် ယူရို ၄၀၀၀၀(ပေါင်၃၅၀၀၀)ပါ ဒဏ်ရိုက်လိုက်သည်။

ခြိမ်းခြောက်

ပြီးခဲ့သည့် အီတလီစီးရီးအေပြိုင်ပွဲ အင်တာမီလန်နှင့် ဆမ်ဒိုးရီးယားတို့ ကစားခဲ့ရာတွင် အင်တာမီလန်အသင်းမှ ဆမ်မြူရယ်နှင့် ကော်ဒိုဗာတို့ အနီကတ်ဖြင့် ထွက်ခဲ့ရပြီး အီတိုးမှာ အဝါကတ်ပြခံရခြင်းအပေါ် နည်းပြမော်ရင်ဟိုက မကျေနပ်သဖြင့် လက်ထိပ်သဏ္ဍာန် လုပ်ပြပြီး ဒိုင်လူကြီးများကို ခြိမ်းခြောက်ခဲ့သည်။

ပိတ်ပင်လိုက်

မော်ရင်ဟိုသည် တာဝန်ရှိသူများအား စော်ကားပြုမူခဲ့သည့်အတွက် စီးရီးအေ တာဝန်ရှိသူများက အုဒီးနိစ်၊ ဂျီနိုအာ၊ ကာတာနီယာတို့နှင့် ကစားမည့်ပွဲများ ကြီးကြပ်ခွင့် ပိတ်ပင်လိုက်သည်။

ထွက်ခွာသွား

အင်တာမီလန် နောက်တန်း ကစားသမားများဖြစ်ကြသည့် ဆမ်မြူရယ်နှင့် ကော်ဒိုဗာတို့သည် အနီကတ်ကြောင့် တစ်ပွဲစီသာ ပိတ်ပင်ခံရမည်ဖြစ်သော်လည်း ကစားဖော်များဖြစ်သည့် ကမ်ဘီယာဆိုနှင့် မွန်တာရီတို့သည် အခင်းဖြစ်ပွားစဉ် ကွင်းအတွင်းမှ ထွက်ခွာသွားသဖြင့် နှစ်ပွဲစီ ပိတ်ပင်လိုက်သည်။ (အင်တာနက်)

တီဗက်ဇ်ပြန်အလာ မန်စီနီမျှော်ရပြီ

လန်ဒန် ဖေဖော်ဝါရီ ၂၃

မန်စီးတီးတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်မှာ ဇနီးဖြစ်သူ မီးဖွား၍ အာဂျင်တီးနားသို့ ပြန်နေရသဖြင့် မန်စီးတီး၏ လာမည့်ပွဲများနှင့် ဆက်လက် လွဲချော်ဖွယ်ရှိသည်။

ကစားရန်

အသက် ၂၆နှစ်ရှိ တိုက်စစ်မှူး တီဗက်ဇ်သည် ခွင့်ဖြင့် အာဂျင်တီးနားသို့ ပြန်သွားခဲ့၍ ပြိုင်ပွဲ သုံးပွဲနှင့် လွဲချော်ခဲ့ရသည်။ မန်စီးတီးအသင်းသည် ဖေဖော်ဝါရီ ၂၄ရက် **(ယနေ့)**တွင် စတုတ်အသင်းနှင့် အက်ဖ်အေဖလား ကစားရန်ရှိနေသည်။ ထို့အပြင် ဖေဖော်ဝါရီ ၂၇ရက်တွင်လည်း

ချယ်လ်ဆီးနှင့် ပရီမီယာလိဂ် ကစားရမည် ဖြစ်သည်။ ယင်းပြိုင်ပွဲများသည် မန်စီးတီးအတွက် အလွန်အရေးကြီးနေသည့် အချိန်ဖြစ်၍ နည်းပြမန်စီနီက တီဗက်ဇ်ပြန်အလာကို စောင့်မျှော်နေရသည်။ **(အင်တာနက်)**

တိုက်စစ်မှူးတောရက်စ် လီဗာပူးမှ ထွက်ခွာဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၃

လီဗာပူး တိုက်စစ်မှူး တောရက်စ်သည် အသင်းမှထွက်ခွာဖွယ်ရှိသည်ဟု စပိန်မီဒီယာများ၏ ရေးသားဖော်ပြမှုကို နည်းပြဘင်နီတက်ဇ်က မဟုတ်မှန်ကြောင်း ငြင်းဆိုလိုက်သည်။

တိုက်စစ်မှူးတောရက်စ်သည် လီဗာပူး၏ ပထမပွဲထွက် ကစားသမားဖြစ်လာစေရန် စောင့်ဆိုင်းနေရဆဲဖြစ်သည်။ ၄င်းသည်ပြီးခဲ့သည့် ပရီမီယာလိဂ်ပြိုင်ပွဲ မန်စီးတီးနှင့် ကစားရာတွင် လူစားအဖြစ်သာ ပါဝင်ကစားခွင့်ရခဲ့သည်။

တောရက်စ်သည် မတ် ၃ရက်တွင် ပြင်သစ်အသင်းနှင့် စပိန်အသင်းတို့ ချစ်ကြည်ရေး ကစားရာ၌ စပိန်အသင်းအတွက် ပါဝင်ကစားရန် ရှိသည်။

(အင်တာနက်)

ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒီဂျိုကိုဗစ်နှင့် မာရေးတို့ အဖွင့်ပွဲစဉ်၌ အနိုင်ရ

ဒူဘိုင်း ဖေဖော်ဝါရီ ၂၃

ဆာဗီးယား တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်သည် ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စပိန်တင်းနစ်ကစားသမား ဂါစီယာလိုပက်ဇ်ကို ၆-၄၊ ၆-၄ ဖြင့်အနိုင်ရလိုက်သည့်အတွက် ပထမဆုံးသောအေတီပီ တင်းနစ်ပြိုင်ပွဲ၌ ဖလားဆွတ်ခူးရန် စတင်လိုက်သည်။

အဆိုပါတင်းနစ်ပြိုင်ပွဲအဖွင့်ပွဲတွင် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲရောက် အင်ဒီမာရေးသည်လည်း ရုရှား တင်းနစ်ကစားသမား အီဂေါ်ကွန်စတီအား ၆-၂၊ ၆-၃ ဖြင့် အနိုင်ရလိုက်သည်။

(အင်တာနက်)

ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပေါ်လာတာ ချန်ပီယံဆုဆွတ်ခူး

အရီဇိုးနား ဖေဖော်ဝါရီ ၂၃

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် မာရာနာ၌ ယှဉ်ပြိုင်ကစားသည့် ရိုက်ဒါဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်မှ ဂေါက်သီးအကျော်အမော် တစ်ဦးဖြစ်သည့် ပေါ်လာတာက အမေရိကန်ဂေါက်သီး ကစားသမားပေါကေစီအား အနိုင်ယူပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ပေါ်လာတာသည် အဆိုပါ ရိုက်ဒါဖလားကို ဒုတိယအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ရိုက်ဒါဖလား ဂေါက်သီးပြိုင်ပွဲသည် ကမ္ဘာ့ထိပ်တန်း ဂေါက်သီးအကျော်အမော်များ ပါဝင်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲ

တစ်ရပ်ဖြစ်ပြီး ယခုပြိုင်ပွဲ၌ ကမ္ဘာကျော်ဂေါက်သီး ကစားသမား ၁၁ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ (အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

ရန်ကုန်မြို့တော် မီးဘေးကြိုတင်ကာကွယ်ရေး ရှင်းလင်းဆွေးနွေးပွဲ
ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့တော်မီးဘေးကြိုတင်ကာကွယ်ရေး ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်၍ နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များအနက် မီးဘေးအန္တရာယ်သည် အဆိုးရွားဆုံးဖြစ်ပြီး ပြည်သူများအား အန္တရာယ်ပြုလျက်ရှိကြောင်း၊ မီးသတ်လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ပေးကြရန်လိုကြောင်း၊ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းအပိုင်းဖြစ်သော မီးသတိပေးခြင်း၊ လှုံ့ဆော်ပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အသိပညာပေးအပိုင်းများကို လုပ်ဆောင်ပြီး သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများကလည်း လိုအပ်သလို ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဈေးရုံများ ဆောက်လုပ်ပါက မီးသတ်ယာဉ်များ ဝင်/ထွက်နိုင်သော လမ်းများဖောက်လုပ်ထားရန်နှင့် လူနေရပ်ကွက်များနှင့် ပိုင်းခြားဆောက်လုပ်သွားရန် လိုအပ်ကြောင်း၊ အလားတူ စည်ပင်သာယာနယ်နိမိတ်အတွင်း အထပ်မြင့်တိုက်များ ဆောက်လုပ်ပါက မီးငြိမ်းသတ်ရေးနည်းစနစ်များနှင့် အရေးပေါ် ဝင်/ထွက်ပေါက်များ၊ အရေးပေါ်လှေကားများကို မီးသတ်ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ပြည့်မီမှသာ လူနေထိုင်ခွင့်များ ခွင့်ပြုပေးရန်ဖြစ်ကြောင်း၊ လိုအပ်သော မီးသတ်ပစ္စည်းကိရိယာများကိုလည်း တပ်ဆင်ထားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ ဦးမြင့်ထွန်းက အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံမှုနှင့် အရေးပေါ်လွတ်မြောက်ပေါက်ဆိုင်ရာ တင်ပြချက်များနှင့် မီးသတ်တပ်ဖွဲ့ ဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသင်းဋ္ဌေးရွှေက ရန်ကုန်တိုင်းအတွင်း ဖြစ်ပွားခဲ့သည့် ဈေးမီးလောင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားသဘာဝဘေး ကြိုတင်ကာကွယ်ရေးကော်မတီ အတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်ဌာနမှူးများ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူးများ၊ ဈေးတာဝန်ခံများနှင့် ကန်ထရိုက်တာများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် သွေးလှူရှင်ဂုဏ်ပြု

ဖေဖော်ဝါရီ၁၄ရက်က ဆီဆိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် သွေးလှူရှင်များနေ့ ဂုဏ်ပြုပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က အကြိမ်(၃၀)မြောက် သွေးလှူရှင် မြို့နယ်ကြက်ခြေနီအသင်း တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းဆွေအား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။ (ဝ၁၅)

တောင်ငူစာတိုက်လမ်း ကတ္တရာထပ်ပိုးလွှာခင်း

တောင်ငူ ဖေဖော်ဝါရီ ၂၃

တောင်ငူမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စာတိုက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေး တို့က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများပါဝင်လျက် အဖွဲ့ပိုင်မြို့မဈေးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဖိတ်ခေါ် ပိုက်ကျော်ခြင်း ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် Myanmar Double Strong တို့မှ ပူးပေါင်းကျင်းပမည့် Myanmar Double Strong Championship 2010 ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို မတ် ၃ရက်မှ ၇ရက်အထိ သုဝဏ္ဏ ဘောလုံးကွင်းရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံတွင် ကျင်းပမည်ဖြစ်သည်။

ချီးမြှင့်မည်

အဆိုပါ ပြိုင်ပွဲတွင် လူသစ်တန်းပြိုင်ပွဲ၊ အလွတ်တန်းပြိုင်ပွဲနှင့် လက်ရွေးစင်တန်းပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး အလွတ်တန်း သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်း၊ လူသစ်တန်းပြိုင်ပွဲတွင် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းငါးသောင်းနှင့် တတိယဆု ကျပ်တစ်သိန်းတို့ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့အပြင် လက်ရွေးစင်တန်း ပြိုင်ပွဲတွင် အနိုင်ရရှိသော အသင်းများကိုလည်း ဆုကြေးများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပြီး ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများလည်း ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ပိုက်ကျော်ခြင်း အားကစားသမားကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ Myanmar Double Strong မှ ကျင်းပပေးခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲကိုပရိသတ်များ အခမဲ့ ကြည့်ရှုအားပေးနိုင်ပြီး ပြိုင်ပွဲအမှတ်တရပစ္စည်းများ၊ ပြိုင်ပွဲအထိမ်းအမှတ် T-Shirt များ၊ စားပွဲတင်နာရီများ၊ No.101 ခြင်းလုံးများကို နေ့စဉ် ဝေငှပေးမည်ဟု သိရသည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင်လိုသည့် အသင်းများအနေဖြင့် မတ် ၁ရက် နောက်ဆုံးထား၍ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံး ဖုန်း-၅၇၇၄၆၁နှင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အားကစားရုံများတွင် စာရင်းပေးသွင်းနိုင်သည်။ **(မြန်မာ့အလင်း)**

၂၀၀၉-၂၀၁၀ခုနှစ်အတွင်း ဘိန်းခင်း (၁၃၁၃၉ ဒသမ ဝ၉) ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၉-၂၀၁၀ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးနိုင်မှုမှာ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁ရက်မှ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်အထိ (၁၂၇၀၅ ဒသမ ၆၅)ဧက ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၄ရက်မှ ၂၀ရက်အတွင်း ဘိန်းခင်း (၄၃၃ဒသမ ၄၄) ဧကထပ်မံ ဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်းဖျက်ဆီးနိုင်မှုမှာ (၁၃၁၃၉ ဒသမ ဝ၉) ဧကဖြစ်ကြောင်း သိရှိရသည်။

ထပ်မံဖျက်ဆီး

ဖေဖော်ဝါရီ ၁၄ရက်မှ ၂၀ရက်အတွင်း ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း (၄၃၃ ဒသမ ၄၄) ဧကအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်း၊ နမ့်ခမ်း၊ ကွတ်ခိုင်နှင့် မိုင်းရယ်မြို့နယ်တို့၌ (၁၄၉ ဒသမ ၈၅) ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံနှင့် ကွန်ဟိန်းမြို့နယ်တို့၌ (၂၅ ဒသမ ၅)ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံ၊ မိုင်းပျဉ်းနှင့် မိုင်းဆတ်မြို့နယ်တို့၌ (၁၃၄ ဒသမ ၃)ဧက၊ ကချင်ပြည်နယ် တနိုင်း၊ ဝိုင်းမော်နှင့် ဖားကန့်မြို့နယ်တို့၌ (၁၂၃ ဒသမ ၇၉)ဧကတို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံးကို စီမံထိန်းချုပ်နိုင်မည့် Enterprise Resource Planning (ERP) Software

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယနေ့ခေတ် စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းဆောင်တာများ ထိထိမိမိ ဆောင်ရွက်နိုင်စေရန်နှင့် အကျိုးအမြတ်အများဆုံး ရရှိနိုင်စေရန်အတွက် Information System (Software) အသုံးချနိုင်မှုသည် အဓိက အကြောင်းအရင်းတစ်ခု အနေဖြင့် ဖြစ်လာသည်။

စီးပွားရေးလုပ်ငန်းကြီးတစ်ခု၏ (Department Level)ဌာနတစ်ခုစီ Level ၌ရှိသော Information လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် Information System များ အများအပြားရှိသည်။ သို့သော် အဆိုပါဌာနတစ်ခုစီအလိုက် ကွဲပြားစွာ ရှိနေသော Information System များသည် အချင်းချင်း လွယ်ကူစွာချိတ်ဆက် ဆောင်ရွက်နိုင်စွမ်း မရှိသောကြောင့် အဖွဲ့အစည်းကြီးတစ်ခုလုံးအတွက် ခြုံငုံသုံးသပ်နိုင်သော Information များကို အလွယ်တကူ မရရှိနိုင်သဖြင့် အဖွဲ့အစည်း၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများ ရှိလာသည်။

ထို့ကြောင့် အဖွဲ့အစည်းကြီးတစ်ခုလုံး၏ Information လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စေရန်အတွက် ဌာနတစ်ခုစီအလိုက် (သီးခြားစီ) အလုပ်လုပ်ခြင်းမျိုး မဟုတ်ဘဲ အဖွဲ့အစည်းကြီး တစ်ခုလုံးအပေါ်တွင် တပေါင်းတစည်းတည်း အလုပ်လုပ်နိုင်သော Software စနစ်တစ်ခုလိုအပ်လာသည်။

ဤလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာရှိ ကုမ္ပဏီကြီးများတွင် ERP (Enterprise Resource Planning) ဆိုသည့် Software စနစ်တစ်ခုကို အသုံးပြုလာကြသည်။

ပံ့ပိုးပေးနိုင်

ERP သည် စီးပွားရေးလုပ်ငန်းသုံး Software တစ်ခုဖြစ်ပြီး လုပ်ငန်းရည်မှန်းချက်များ ပြည့်မီစေရန်အတွက် လိုအပ်သော လုပ်ငန်းကြီးတစ်ခုလုံး၏ Information များအားလုံးကို ပံ့ပိုးပေးနိုင်သော Software တစ်ခုဖြစ်သည်။

ERP Software သည် စီးပွားရေးလုပ်ငန်းတစ်ခု၏ ဌာနတစ်ခုစီ/(လုပ်ငန်းဆောင်တာ) တစ်ခုစီဖြစ်သော (Finance, Marketing, Production or HR) ၏ Information လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်ရုံသာမက ဤလုပ်ငန်းဆောင်တာ (Functions) များအကြားတွင် ပျံ့နှံ့တည်ရှိနေသော Information လိုအပ်ချက်အားလုံးကို ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်သည်။

ကမ္ဘာပေါ်တွင် ကုမ္ပဏီပေါင်းစုံမှ ထုတ်လုပ်ထားသော ERP Software အများအပြားရှိသော်လည်း ဂျာမနီနိုင်ငံ အခြေစိုက် SAP Company မှ ထုတ်လုပ်ထားသော ERP Software သည် ကမ္ဘာ့အကောင်းဆုံး ERP Software တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ဆက်သွယ်စုံစမ်းနိုင်

SAP ERP Software နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Gusto Software Solution အမှတ် (၂၆) ၁၄လမ်း (အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၄၉၆၊ ဝ၉-၅၁-၄၄၈၈၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အထူးအစီအစဉ်အနေဖြင့် ဖေဖော်ဝါရီ ၂၆ရက်မှ ၂၈ရက်အတွင်း ကျင်းပမည့် Software & Solution Exhibition ပြပွဲ အခန်းနံပါတ် ၃၂၊ ၃၃ရှိ Gusto ပြခန်းတွင် SAP ၏ ERP Software နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားမှုများ၊ Software Demonstration များ ပြုလုပ်မည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများအနေဖြင့် လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ချောင်းဆုံမြို့နယ်၌ ကုန်တင်စက်လှေတစ်စင်း သောင်နှင့်တိုက်မိပြီး တိမ်းမှောက်နစ်မြုပ် စက်လှေပေါ်ပါ လူနှင့်ပစ္စည်းများအား တပ်မတော်စစ်ရေယာဉ်က ဆယ်တင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

တနင်္သာရီတိုင်း မြိတ်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ကုန်ပစ္စည်းများ တင်ဆောင်ထွက်ခွာလာသည့် ဆုကျော်လင်း (၉) ကုန်တင်စက်လှေသည် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၂နာရီခွဲခန့်တွင် ချောင်းဆုံမြို့နယ် ဟင်္သာကျွန်းထိပ် ကန်ပေါက်ချောင်းဝအနီး၌ သောင်နှင့်တိုက်မိပြီး တိမ်းမှောက်နစ်မြုပ်သွားခဲ့ကြောင်း၊ စက်လှေပေါ်ပါရှိသည့် ပွဲနင်း ဦးမြနှင့် ကိုးဦးတို့အား နတ်မှော်ဆိပ်ကမ်းရှိ တပ်မတော်စစ်ရေယာဉ်က သွားရောက်ကယ်ဆယ်ပြီး ကုန်ပစ္စည်းများကိုလည်း ပြန်လည်ဆယ်ယူပေးခဲ့ကြောင်း၊ စက်လှေပေါ်ပါရှိသည့် ခရီးသည်များအား ချောင်းဆုံမြို့နယ်ရှိ ဒေသအာဏာပိုင်များက လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်

၂၃-၂-၂၀၁၀

လွိုင်လင်မြို့
၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
၂ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့
၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့
၄ ဒီဂရီစင်တီဂရိတ်

လားရှိုး၌ ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၇) သစ္စာလမ်းရှိ နေအိမ်တစ်အိမ်၌ ဖေဖော်ဝါရီ ၁၈ရက် ည ၁၀နာရီ ၁၀မိနစ်ခန့်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး ည ၁၀နာရီ ၂၅မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း မီးလောင်မှုကြောင့် နေအိမ်၌ အိပ်ပျော်နေသည့် အိမ်ရှင် ဦးအာဂျစ်(ခ) ခင်မောင်မြင့်၏ သားသမီးလေးဦးဖြစ်သော မဇာခြည်ဝင်း (၁၃)နှစ်၊ မောင်လင်းလင်းအောင် (၇)နှစ်၊ မောင်အောင်ဆန်းလင်း (၄)နှစ်နှင့် မဂျူဘိုင်ဒီယာ (၃)နှစ်တို့ မီးလောင်သေဆုံးခဲ့ကြောင်းနှင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မင်္ဂလာညွှန့်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ
ဦးကျော်ငွေး(အငြိမ်းစားအင်ဂျင်နီယာ၊ ဆလက)-ဒေါ်တင်ဖြူဦး(တရားရုံးချုပ်ရှေ့နေ)
တို့၏သား

မောင်ဝေဖြိုးငွေး

B.Sc (Industrial Chemistry)
M.O.T Second Class Part (B)
Third Assistant Engineer (SB Maritime Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ
ဗိုလ်မှူးခင်မောင်ဦး(ငြိမ်း)-ဒေါ်ခင်ဆွေမြင့်
တို့၏တစ်ဦးတည်းသောသမီး

ဒေါက်တာဝိုင်းဝိုင်းကေခိုင်ဦး

Ph.D(Metallurgy)

ဒုတိယပါမောက္ခ၊ နည်းပညာသုတေသနဌာန၊ ပြင်ဦးလွင်

တို့၏ ၁၅-၂-၂၀၁၀ရက် (တနင်္လာနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်း တရားသူကြီး ဦးမြင့်အောင်နှင့် မင်္ဂလာအသိသက်သေများအားလည်းကောင်း၊ ၂၀-၂-၂၀၁၀ရက် (စနေနေ့)တွင် Yuzana Garden Hotel၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညွှန့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ရဲဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်အိအိခိုင်၊ မင်္ဂလာညွှန့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့သော ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဗိုလ်သင်တန်းအမှတ်စဉ်(၄၉)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသော တေးသံရှင်စိမ်းမို့မို့နှင့် The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သမီးလေး ဆုဝင့်ခိုင်၊ မင်္ဂလာပန်းကြဲပေးသော မခင်သဲစိမ့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဇန်းကိုင်ပေးသော မယုယုပြည့်စုံ၊ သတို့သားအရံ မောင်မျိုးဟန်ဝင်းနှင့် မောင်အောင်ကျော်လင်းချို၊ သတို့သမီးအရံ ဒေါက်တာကြည်ဇာအောင်နှင့် ဒေါက်တာထက်ထိုက်ထွေး၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ ပြည်စိုးအောင်နှင့် အဖွဲ့၊ မသီတာမြင့် (Saint Fashion and Design)၊ မိတ်ကပ်နှင့်ဆံပင် စိုးစိုးနှင့်အဖွဲ့၊ ပန်းအလှဆင် မစန်းစန်းဦးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို ကိုသိန်းထွန်းဇော် (Sky Blue)နှင့်အဖွဲ့၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝေဖြိုးငွေး-ဒေါက်တာဝိုင်းဝိုင်းကေခိုင်ဦး။

လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၀×၈၁ လမ်းကြား၊ လမ်း ၂၀နေ
ဦးဘိုငွေး(ငြိမ်း-ဆသရ)-(ဒေါ်ရင်ရင်မြ- ငြိမ်း၊ ဆသရ)တို့၏သားကြီး

မောင်စည်သူ

B.Agr. Sc,MBA
Socio-Eco Coordinator,Daewoo Int'l Corporation Myanmar(E & P)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာရိပ်သာနေ
ဦးတင်မြင့်(Ex.R/O, PCL S'pore)-ဒေါ်တင်အောင်တို့၏သမီး

မေဇမ္ဗူ

B.Sc(Hons.) MBA, ACCA, ICPAS S'pore
Madi Khin Myanmar Cotton & Silk, Yuzana Plaza
Accountant, Beauty Factors Int'l Pte, Ltd. S'pore

တို့သည် ၁၆-၂-၂၀၁၀ရက်တွင် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့် ရန်ကုန်တိုင်း တရားရုံး၌ လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း။

မောင်စည်သူ-မေဇမ္ဗူ။

(၈၉)နှစ်ပြည့် မွေးနေ့ဆုတောင်း

ဘိုးဘိုးကြီး ဦးပေါစိန် နတ်တလင်းမြို့၏ ၂၄-၂-၂၀၁၀ရက်တွင် ပြည့်မြောက်သော (၈၉)နှစ်မြောက် မွေးနေ့မှသည် နှစ်၁၂၀တိုင် ချစ်သော သား၊ သမီး၊ မြေးများနှင့် ပျော်ရွှင်ချမ်းမြေ့ပြည့်စုံသော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

သမီး - ဦးအေးကို-ဒေါ်ခင်ခင်ညိမ်း
မိသားစု ရွှေဆိုင် (နတ်တလင်းမြို့)

သား - ဦးဝင်းဇော်-ဒေါ်စမ်းရှင် (မြေး)-မောင်အေးချမ်းဗိုလ်
မိသားစု ရွှေဆိုင်(ဟင်္သာတမြို့)

သမီး - ဦးငွေးလွင်-ဒေါ်အေးအေးမွန်
မိသားစု ရွှေဆိုင်(ပေါင်းတည်မြို့)
(မြေး) မAမွန်လွင်၊ မောင်ဇင်ထက်၊
မဝသာန်လွင်၊ မောင်ဖုန်းထက်ဂျွန်။

ပန်းဝါသနာရှင်များအသင်း ပန်းပြပွဲခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း (၁၆)နှစ်ပြည့် အထိမ်းအမှတ် ပန်းပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်း ထောင့်ရှိ မင်းဓမ္မပန်းကွင်း၌ စတုတ္ထနေ့အဖြစ် ယနေ့ခင်းကျင်းပြသရာ ပြပွဲတွင် ပြခန်း၊ ဆိုင်ခန်းပေါင်း ၅၀၀ခန့် ပါဝင်ပြီး နံနက် ၆နာရီမှ ည၉နာရီအထိ ပြသလျက်ရှိသည်။

ပြပွဲအတွင်း အရောင်းဆိုင်များက မျိုးစေ့များ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းဆေးနှင့် ပြည်တွင်း၊ ပြည်ပ သစ်ခွ အမျိုးမျိုး၊ သဇင်ပန်း၊ နှင်းဆီပန်း၊ ရွက်လှပန်း၊ ရာသီပန်း၊ အရွက်လှနှင့် သီးပင်စားပင်များ၊ စိုက်ပျိုးရေးသုံးကိရိယာများ၊ မျိုးစေ့နှင့် ပျိုးပင်များကို အထူးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါပန်းပြပွဲကို မတ် ၁ရက်အထိ ၁၀ရက်ကြာခင်းကျင်းပြသထားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ရက် (စနေနေ့)ညနေ ၆နာရီတွင် ပန်းဧကရီ အလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကိုကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ (၁၇၃)

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ပင်မယန္တရားတောင်ခန်းမ၌ ကျင်းပရာ ပထမဆုဆွတ်ခူးသွားသော ပိန္နဲကုန်းရပ်ကွက်မှ မပါချင်းဆုန်အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက သရဖူ ပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ခရမ်းမြို့နယ်၌ ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မက္ကသံကျေးရွာ ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မင်းဆွေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့်ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင်တင်ထွေးက စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ စာငှားစနစ်ကျင့်သုံးရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးတို့ကိုဆွေးနွေးပြီး စာအုပ် မျိုးစုံ ၁၁၂အုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး မှော်ဘီ ပြန်/ဆက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်သီတာဦးနှင့် ဝန်ထမ်းများသည် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့အတွက် ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီခွဲက သာယာကုန်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေးကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် စာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်ရှင်သန်ရေး ဆောင်ရွက်နေမှုများနှင့် စာအုပ်စာစောင်များ စုဆောင်းရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

အမွေပြတ်စွန့်လွှတ် ပြန်လည်ရုပ်သိမ်းခြင်း

ဦးအုန်းကြိုင်-ဒေါ်မြစိန်တို့၏ သမီး ဒေါ်နုနုရီ ၁၂/ကတတ(နိုင်) ၀၁၂၃၅၃ အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဒေါ်မြစိန်
၁၂/ကတတ(နိုင်)၀၁၂၄၀၇။

အမွေပြတ်စွန့်လွှတ်ခြင်း

ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဈေးလမ်း၊ အမှတ်၂၅၈နေ ဒေါ်ခင်အုန်းမြင့်၏သား မောင်ကျော်စိုးထွန်း (ခ) စိုးခိုင် ၁၂/လမန(နိုင်) ၁၃၄၆၉၃ သည် မိဘသဘောမတူဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်မယူပါ။

ဒေါ်ခင်အုန်းမြင့်
၁၂/ဗဟန(နိုင်)၀၆၉၃၃၇။

မီးကို ကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကဗျာရွတ်ဆိုပြိုင်

ဖေဖော်ဝါရီ၂၁ရက်က ဗဟန်းမြို့နယ် ဝင်္ကပါလမ်း အမှတ် ၁၇ရှိ ဝင်္ကပါ မူလတန်းကြိုကျောင်း၏ (၂၆)ကြိမ်မြောက် ဘဏ္ဍာစွမ်းရည်ပြိုင်ပွဲ ကျင်းပရာ မူကြိုကလေးငယ်များ စုပေါင်းကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြစဉ်။
(၁၃၅)

24-2 (13).pmd 1 2/24/2010, 4:01 AM

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး မုံရွာ-ဆားလင်းကြီး လမ်းပိုင်းစစ်ဆေး

မျက်စိဝေဒနာရှင်အား စမ်းသပ်ခွဲစိတ်ကုသမှု အလင်းအောင်ပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၁၇ရက်တွင် ပုသိမ်-မုံရွာလမ်းမကြီးရှိ မုံရွာ-ဆားလင်းကြီးလမ်းပိုင်း မိုင်တိုင်အမှတ်(၀/၀)မိုင်မှ (၂၆/၀)မိုင်အထိ လမ်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ခရိုင်အင်ဂျင်နီယာမှူးက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကာ လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ထိုမှတစ်ဆင့် ပခုက္ကူခရိုင် မြိုင်မြို့သို့ ရောက်ရှိ၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းတို့နှင့်အတူ မြိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး မျက်စိဝေဒနာရှင် လူနာများအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ တိုင်းဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြိုင်မြို့နယ် နံ့သာခန်းမ၌ကျင်းပသည့် မြိုင်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသမှု အလင်းအောင်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ တာဝန်ရှိသူတို့က မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် မျက်စိဝေဒနာရှင်များအား မျက်မှန်များ တပ်ဆင်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက မြိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် ဆေးပဒေသာပင်များ ပေးအပ်လှူဒါန်းကြကာ တိုင်းမှူးနှင့် တိုင်းဥက္ကဋ္ဌတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာအုပ်စုရှိ ဂျုံမျိုးသစ်စိုက်ခင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် တောင်သူတစ်ဦး၏ ဂျုံမျိုး အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၂ရက်က ပဲခူးမြို့နယ် ပျဉ်ပုံတာဆုံ ကျေးရွာ မူလတန်းကျောင်း ပညာရည်ချွန် ဆုပေး ပွဲ အခမ်းအနားတွင် တိုးချဲ့ကျောင်းဆောင်သစ်အတွက် ငွေကျပ်ငါးသိန်းကို အလှူရှင် ဦးဝင်းစိန် - ဒေါ်ကြည်ကြည်စိန် (စစ်ကောင်း လက်ဖက်ခြောက်)က ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာခိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ခရိုင် မြန်/ဆက်)

မျိုးဆက်ပွား ကျန်းမာရေးအသိပညာပေး

နေပြည်တော်တပ်ကုန်း ဖေဖော်ဝါရီ ၂၁

နေပြည်တော် တပ်ကုန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသက်အရွယ်အုပ်စုတူအတွင်း အချင်းချင်းပညာပေးခြင်း၊ မြို့နယ်အဆင့် အသိပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မငါးရပ်ကွက်မှ ဥက္ကဋ္ဌများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်သန်းဝင်း **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း အကျဉ်းချုပ်ပြောကြားသည်။ နေပြည်တော်တပ်ကုန်း မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်က သင်တန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများတင်ပြပြီး နေပြည်တော်တပ်ကုန်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာဒေါ်ဝါဝါညွန့်ရွှေက နေပြည်တော် တပ်ကုန်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ မျိုးဆက်ပွား ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းများကို တင်ပြသည်။ **(၀၉၁)**

ဖေဖော်ဝါရီ ၅ရက်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ကျေးလက် (နိုင်ငံတော်ထောက်ပံ့) လမ်းလုပ်ငန်းဖြစ်သော အလယ်စု - အုတ်ပုံလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းတွင် ကျောက်ခင်းဆောင်ရွက်နေမှုကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးချစ်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာအုပ်စာစောင်များ လှူဒါန်း

လားရှိုး ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာအုပ်၊ စာစောင်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၃ရက်က ဟန်နားအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးတိုးဝင်းနှင့် တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်မိုးတို့က အဖွင့်အမှာစကား ပြောကြားသည်။

လှူဒါန်း

အခမ်းအနားတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ စုဆောင်းအလှူခံရရှိသော မဂ္ဂဇင်း၊ ဂျာနယ်များနှင့် လားရှိုးကိုယ်ပွားသတင်းစာတိုက် စာတည်းဦးဇော်လွင် ပေးပို့လှူဒါန်းသော နေ့စဉ်ထုတ် သတင်းစာစောင်ရေ ၅၀၀တို့ကို ခရိုင်ဥက္ကဋ္ဌနှင့် နည်းပညာတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်တို့က ပေးအပ်ပြီး ခရိုင်ပညာရေးမှူး ဒေါ်ခင်အေးလှိုင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ထို့နောက် ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၅၀၀၀၀ကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်စန်းစန်းမိုးနှင့် မော်တော်ယာဉ်ဦးစီးဌာန ဦးသန်းညွန့်တို့က ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်လင်းလင်းလတ်က လက်ခံယူသည်။ ကျေးလက်ဖွံ့ဖြိုးရေးအတွက် အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ လှူဒါန်းသော ဓာတ်မြေဩဇာလေးအိတ်နှင့် တန်ဖိုးငွေကျပ် ၃၀၀၀၀ ကျော်ကို ပေးအပ်ရာ ကျေးရွာအုပ်စုအတွင်းရေးမှူး ဦးမောင်ကျန်က လက်ခံယူသည်။

ဟောပြော

စာပေဟောပြောပွဲတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးညွန့်ဝေ(ကောင်းညွန့်ဝေ-ရေစကြို)က မျိုးချစ်စိတ်ဓာတ်၊ အတွင်းရေးမှူး ဦးသိန်းဟန် (ရာမည-သွေးမွန်၊ ကွန်ပန်းရင်)က ကလေးအတွေး၊ ကလေးကဗျာ၊ အမှုဆောင်ဒေါ်ခင်သန်းနွဲ့ (မမ-တရားရေး)က လူငယ်စာပေခေါင်းစဉ်များဖြင့် ဟောပြောကြသည်။ **(၀၂၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

သံတွဲ ဖေဖော်ဝါရီ ၂၀

သံတွဲမြို့နယ် ဒွါရာဝတီဈေးကြီး မီးဘေးအန္တရာယ် မကျရောက်စေရေးနှင့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်က ဖေဖော်ဝါရီ ၁၀ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမင်းထွန်းနှင့် ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့်တွေ့ဆုံ၍ မီးလောင်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ကာကွယ်ရန် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်နေမှုများကို ကြီးကြပ် ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်သော အမှတ်(၂)ရပ်ကွက် နေကြာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးလှဖြိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ရေစကြို ဖေဖော်ဝါရီ ၁၉

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းသစ်မုခ်ဦးမျက်နှာစာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စည်ပင်အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။ အဆိုပါလမ်းကို စပယ်လမ်းဟု အမည်ပေးထားပြီး ငွေကျပ် ၁၈၁၆၅၀၀၀ ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ပြီး လမ်းအရှည် ၂၅၀၃ပေ ရှိသည်။

(မြို့နယ် ပြန်/ဆက်)

နမ့်ခမ်း၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မူဆယ် ဖေဖော်ဝါရီ ၁၈

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မန့်ခမ်းကျေးရွာ ထွန်းသစ်စ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

စာကြည့်တိုက်အဆောက်အအုံသစ်ကို နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှဝင်း၊ နမ့်ခမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းအောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းမောင်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆက်လက်ပြီး အဆိုပါ စာကြည့်တိုက်သို့ DTH စလောင်းနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ စာပေ၏ အကျိုးကျေးဇူးနှင့် စာကြည့်တိုက်အား စံ(၅)ချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက နိုင်ငံတော်ပံ့ပိုးငွေနှင့် ကျေးရွာမှ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၂၆သိန်းဖြင့် စာကြည့်တိုက်ဆောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စာကြည့်တိုက်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျေးရွာသို့ လွှဲပြောင်းပေးအပ်သည်။

စလောင်းပေးအပ်

ယင်းနောက် ဦးမိုင်းထွန်းအောင်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ပေးအပ်လှူဒါန်းထားသော DTH စလောင်း ပေးအပ်လှူဒါန်းပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာ အလှူရှင်များက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၄ပေ၊ အမြင့် ၁၅ ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း RC အမျိုးအစားဖြစ်ပြီး နိုင်ငံတော်ပံ့ပိုးငွေနှင့် ကျေးရွာပြည်သူများက လှူဒါန်းငွေ စုစုပေါင်း ကျပ်၂၆သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

ဂုန်လျှော်စိုက်ပျိုးရေး စီမံကိန်း ကျောင်းကုန်းမြို့နယ်၌ တာဝန်ပေးအပ်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၉

၂၀၁၀-၂၀၁၁ ဂုန်လျှော်စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၀ နာရီက ရေဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အမှာစကားပြောကြားသည်။

အသီးသီးပေးအပ်

ဆက်လက်၍ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမူက ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က စခန်းနယ်မြေခေါင်းဆောင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈အုပ်စုမှ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ အသီးသီး ပေးအပ်သည်။ **(အပေါ်ယာပုံ)**

စိုက်ပျိုးမည်

ထို့နောက် ၂၀၀၉-၂၀၁၀ ခုနှစ် တစ်မြို့နယ်လုံးတွင် လျှော်ထွက်အများဆုံး ထွက်ရှိသည့် တောင်သူကြီးများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အေးကျော်က ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုလွှာများပေးအပ်သည်။ ၂၀၁၀-၂၀၁၁တွင် ကျောင်းကုန်းတစ်မြို့နယ်လုံး၌ ဂုန်လျှော်ဧက ၃၅၀နှင့် ချဉ်ပေါင်လျှော်ဧက၄၅၀ စုစုပေါင်း ဧက ၈၀၀ စိုက်ပျိုးသွားမည်ဖြစ်သည်။ **(၁၅၄)**

ပြင်ဦးလွင်မြို့ အမက (၃) ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၀

ပြင်ဦးလွင်မြို့ အမှတ် (၃) အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၉ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ ပြင်ဦးလွင်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးသိန်းစိုး၊ အမှတ် (၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး၊ ဖိတ်ကြားထားသော ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၄)ဥက္ကဋ္ဌ ဦးအောင်ဖေလင်းနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးသိန်းစိုးနှင့် ရပ်ကွက်ကြီး(၄) ဥက္ကဋ္ဌဦးအောင်ဖေလင်းတို့က အဖွင့်အမှာစကား ပြောကြားပြီး အမှတ် (၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

ဆုများပေးအပ်

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အတန်းတွင် စာပေထူးချွန်ဆု၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုရသူများနှင့် အားကစားပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ပြင်ဦးလွင်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးသိန်းစိုး**(ယာပုံ)**နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား ကျောင်းသူလေးများက ကဗျာရွတ်ဆိုခြင်းနှင့် အကများဖြင့် ဖျော်ဖြေကြသည်။ **(ခရိုင် ပြန်/ဆက်)**

အနာကြီးရောဂါကင်းဝေးရေး အခမ်းအနား ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပ

ဘားအံ ဖေဖော်ဝါရီ ၁၉

ပြည်နယ်အဆင့် သတ္တမအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉နာရီက ဘားအံမြို့ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ သဘာပတိ ပြည်နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်ထံမှပေးပို့သော မိန့်ခွန်းကို ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးနောင်က ဖတ်ကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးကြကာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့ စာစီစာကုံး ပြိုင်ပွဲတွင် ပထမဆုရ မဝင်းပပလှိုင်(မြဝတီအထက)၊ ဒုတိယဆုရ မနန်းဆုဝင်းဝါ(လှိုင်းဘွဲ့ အထက)နှင့် တတိယဆုရ မခိုင်မီမီစိုး(ဘားအံ အထက-၂)တို့အားဆုများချီးမြှင့်သည်။**(၀၀၈)**

ကျောက်ဆည်မြို့နယ် ပန်းခွာကျေးရွာ ရွှေပန်းဝတ်မှုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဇန်နဝါရီ ၁ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သော မြို့ပေါ် ကြက်စားပြင်ရပ်ကွက် ရေပေးရေး ရေစက်ရုံအမှတ်(၁)မှ ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပုလဲမြို့နယ် နွယ်အင်းကျေးရွာ အလက(ခွဲ) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ပုလဲ ဖေဖော်ဝါရီ ၁၅

ပုလဲမြို့နယ် နွယ်အင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၏ ပညာရည်ချွန် ဆုပေးပွဲနှင့် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူလေးများ၏ မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဇော်က အမှာစကား ပြောကြားသည်။

လုပ်ငန်းဆောင်ရွက်

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးကြည်ဌေးက ကျောင်း၏တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးဆောင် ဥက္ကဋ္ဌ ဦးစိုးသိန်းက အကျိုးဆောင်အဖွဲ့မှ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် ငွေစာရင်းကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ကျောင်းသားမိဘများ ကိုယ်စား ဦးမြင့်စိုးက ကျေးဇူးတင်စကား ပြောကြားပြီး သူငယ်တန်းမှ အဋ္ဌမတန်းအထိ ဆုရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်သည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် စီစဉ်တင်ဆက် ဖျော်ဖြေကြသည်။

(မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ရှမ်းရွာ-သာလူကုန်း လူကူးတံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ ညောင်လေးပင်မြို့နယ် ဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ရှမ်းရွာကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကောလင်းမြို့ ဆင်ကုန်းမူလွန်ကျောင်း ပညာရေးစုံညီပွဲ ကျင်းပ

ကောလင်း ဖေဖော်ဝါရီ ၁၈

ကောလင်းမြို့နယ် ဆင်ကုန်းအုပ်စု ဆင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။ (၀၃၂)

မီးဘေးကာကွယ်ရေးသရုပ်ပြလေ့ကျင့်

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဇရပ်ကွင်းကျေးရွာ ရွှေရတနာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးသူ ဈေးသားများအား မီးသုံးစွဲမှု စနစ်တကျရှိရေး ပညာပေးဆွေးနွေးခြင်း၊ ဈေးစည်းကမ်းများအရ စစ်ဆေးကြပ်မတ်ခြင်း၊ သရုပ်ပြ လေ့ကျင့်ခြင်းများကို ဒုတိယဦးစီးမှူး ဦးလှိုင်ဝင်းဆွေနှင့် ဈေးဝန်ထမ်းများ၊ ဈေးမိ ဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအရန်မီးသတ်တပ်ဖွဲ့မှူး ဦးမြင့်အောင်တို့ ပူးပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးသန့်ဇင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှုတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများ ရှိပါက မီးကို ပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကိုချထားပြီးမှ အပြင်သို့သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်း မီးကျန်များကို မေ့လျော့ ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီး သတိပြု

မိခင်နှင့်ကလေးအသင်း လုပ်ငန်းများတိုးတက်ရေး နွားထိုးကြီး၌ တွေ့ဆုံဆွေးနွေး

နွားထိုးကြီး ဖေဖော်ဝါရီ ၁၅

နွားထိုးကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၅ရက်က ကျေးရွာရပ်ကွက် ၇၂အုပ်စုမှ ဥက္ကဋ္ဌများ၊ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် မြို့နယ်စုပေါင်းရုံးတွင် တွေ့ဆုံပွဲ ပြုလုပ်သည်။

ဆွေးနွေး

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်၏ မိခင်နှင့်ကလေးလုပ်ငန်း၊ အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းများကို ဝိုင်းဝန်းကူညီပေးကြရန်နှင့် အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ မိခင်နှင့်ကလေးများ၊ အမျိုးသမီးရေးရာအသင်းဝင်များ စည်းရုံးပါဝင်ဆောင်ရွက်ပေးရန် ဆွေးနွေးသည်။ ***(၀၉၂)***

သာသနာရောင်ဝါထွန်းစေဖို့ ဝိနည်းတော်နှင့်အညီချုပ်လုပ်သော

သင်္ကန်း

ရှင်ပြုရဟန်းခံသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ယာန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၅၅၅၃၈၉၊ ၅၅၅၃၉၆၊ ၅၄၃၂၈၂၊ ၃၈၀၅၇၃၊ ၇၃၁၀၆၀၃၂

ဝန်ထမ်းများသိရှိစေရန် ကြေညာချက်

၁။ BEST Supporting Services Co., Ltd. ဝန်ထမ်းများ၏ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလ လစာငွေကို မတ် ၁ရက်နှင့် ၂ရက်များတွင် BEST ရုံးချုပ်(အေဝမ်း)ရှိ ငွေစာရင်းဌာနတွင် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

၂။ Day Daily ဝန်ထမ်းများအတွက် တာဝန်ကျလုပ်ငန်းခွင်များသို့ လာရောက်ထုတ်ပေးမည် ဖြစ်ပါသည်။

ယဉ်ယဉ်စိန် (ဘဏ္ဍာရေးဒါရိုက်တာ)
BEST Supporting Services Co., Ltd.

ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးကြပ်ကွပ်ကဲ၍ Discovery Group က အဓိကပံ့ပိုးကူညီပြီး MYANMAR DOUBLE STRONG SEPAKTAKRAW CHAMPIONSHIP 2010 ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်-

ကျင်းပမည့်ရက်	-	၃-၃-၂၀၁၀ရက်မှ ၇-၃-၂၀၁၀ရက်အထိ
ကျင်းပမည့်နေရာ	-	ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ၊ လူငယ်အားကစားပြိုင်ပွဲရုံ(သုဝဏ္ဏ)
ပြိုင်ပွဲအမျိုးအစားများ	-	အမျိုးသားအလွတ်တန်း သုံးယောက်တွဲ(1C)နှင့် လူသစ်တန်း သုံးယောက်တွဲ
စာရင်းပိတ်မည့်ရက်	-	၁-၃-၂၀၁၀ရက် မွန်းတည့် ၁၂နာရီ
ပံ့ပိုးမှု	-	ပြိုင်ပွဲဝင်ကစားသမားတိုင်းအား အားကစားဝတ်စုံ တစ်စုံစီပေးမည်။ နယ်မှလက်ရွေးစင်များအား နေထိုင်စားသောက်မှုနှင့်ခရီးစရိတ် (သွား/ပြန်)တာဝန်ယူမည်။ အခမဲ့ကြည့်ရှုအားပေးနိုင်ပြီး ကြည့်ရှုအားပေးကြသော ပရိသတ်များအား နေ့စဉ်ဧည့်ခံကျွေးမွေး၍ ကံစမ်းမဲများ ဖောက်ပေးပါမည်။ ဆုကြေးများလည်း ချီးမြှင့်မည်ဖြစ်ပါသည်။

ဗုဒ္ဓဂယာအလှူတော်များ စုပေါင်းရေစက်ချပွဲ

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုက်၌ ၄၇နှစ်တာ သီတင်းသုံးသာသနာပြုနေသော ဘဒ္ဒန္တဉာဏိန္ဒ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၏ သက်တော်(၇၅)နှစ်မြောက် စိန်ရတုမွေးနေ့ပူဇော်ပွဲနှင့် ပြည်တွင်းပြည်ပ အလှူရှင်များ စုပေါင်းရေစက်ချပွဲကို ၂-၃-၂၀၁၀ရက် (အင်္ဂါနေ့)မွန်းလွဲ ၂နာရီအချိန်တွင် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခမ်းမရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဂယာပြန်ဓမ္မမိတ်ဆွေများအား အထူးဖိတ်ကြားကာဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာရောက်ကြပါရန် အထူးအနေဖြင့် စိန်ရတုအကြိုတရားပွဲများကို ညစဉ်မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း၊ အောင်တော်မူလမ်း မြေနီကုန်း စမ်းချောင်း၌ ကျင်းပပြုလုပ်ပါမည်။

၂၈-၂-၂၀၁၀ရက် ညနေ၇နာရီ မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာကောဝိဒ
၁-၃-၂၀၁၀ရက် ညနေ၇နာရီ ဓမ္မဘေရီဆရာတော် (တောင်စွန်း)အရှင်ဝိရိယ ဆရာတော်တို့က ညတရားပွဲများဖြင့် စိန်ရတုအကြိုပူဇော်ကြမည်ဖြစ်ပါသည်။

အလှူရှင်များအနေဖြင့် ဒေါက်တာအရှင်သုန္ဒရ ဖုန်း-၀၉-၅၁-၉၁၁၄၁၊ ဒေါက်တာဝိသုဒ္ဓါစာရ ဖုန်း-၀၉-၅၁-၉၅၂၉၄နှင့် ဖုန်း-၀၁-၅၃၇၅၉၇၊ ၀၉-၅၁-၄၆၅၀၉၊ ၀၉-၅၆-၆၀၅၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်ုပ်၏အမှုသည် မစန်းစုစုစံ မှတ်ပုံတင်အမှတ် ၁၁/ကတန(နိုင်)၀၇၆၉၇၃ မြို့သစ်ရပ်ကွက်၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် နေထိုင်သူ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၁/၂၀၀၉၊ ၁၅-၁၂-၂၀၀၉ရက်တွင် ချမှတ်ပြီးသော စီရင်ချက်နှင့် ဒီဂရီအရ မစန်းစုစုစံ မှတ်ပုံတင်အမှတ် ၁၁/ကတန(နိုင်)၀၇၆၉၇၃နှင့် မောင်ကျော်ကျော်မောင် တိုက် ၂၊ အခန်း ၆၊ ဆင်ရေတွင်း ၁လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ် နေထိုင်သူတို့သည် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း တစ်ဦးနှင့်တစ်ဦး ပတ်သက်မှုမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဇော်(ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ)
တရားရုံးချုပ်ရှေ့နေ(စဉ်-၇၃၇၀)
အမှတ် ၁၇၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ်
ဖုန်း-၀၁-၇၂၇၆၈၁၊ ၀၉-၅၀-၃၉၉၉၁။

ပဲခူးတိုင်း ကေတုမတီမြို့တည် နှစ်တည်နှစ်(၅၀၀)ပြည့် ပွဲတော်အထိမ်းအမှတ်

စာမူများဖိတ်ခေါ်ခြင်း

၁။ ပဲခူးတိုင်း ကေတုမတီမြို့တည် နန်းတည်နှစ်(၅၀၀)ပြည့် ပွဲတော်အထိမ်းအမှတ်အဖြစ် သုတေသနဂျာနယ်နှင့် မဂ္ဂဇင်းတို့ကို ထုတ်ဝေမည်ဖြစ်ပါ၍ ကေတုမတီတောင်ငူဆိုင်ရာ ဝိဇ္ဇာ၊ သိပ္ပံပညာရပ် သုတေသနစာတမ်းများနှင့် မဂ္ဂဇင်းစာမူများကို ဖိတ်ခေါ်အပ်ပါသည်။

၂။ စာမူများကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာအနက် နှစ်သက်ရာဘာသာဖြင့် ပြုစု၍ အောက်ဖော်ပြပါ လိပ်စာများသို့ စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့နိုင်ပါသည်။ စာမူနောက်ဆုံးပေးပို့ရမည့်ရက်မှာ ၃၁-၅-၂၀၁၀ရက် ဖြစ်ပါသည်။

(၁) ဦးပွင့်သူအောင် ဥက္ကဋ္ဌ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ တောင်ငူမြို့။
(၂) ဒေါ်မာမာဝေ ပါမောက္ခ (ဌာနမှူး)၊ မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်။
(၃) ဦးကျင်ဆိုင် ခရိုင်ပညာရေးမှူး၊ တောင်ငူခရိုင်၊ တောင်ငူမြို့။
(၄) ဒေါက်တာအောင်ကျော် တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန၊ တောင်ငူတက္ကသိုလ်။

၃။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၅၄-၂၄၀၀၁၊ ၀၅၄-၂၄၄၁၀ (လိုင်းခွဲ-၁၀၁)၊ ၀၅၄-၂၄၃၈၈၊ ၀၅၄-၂၃၀၄၄၊ ၀၉-၅၁-၄၀၂၆၄။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ လှူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁)၊ မြေကွက်အမှတ်(၁/ခ၂)၊ ဧရိယာ ၀ဒသမ ၂၄၃ဧကရှိ B အိမ်ရာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၃၁/၁-ခ၂)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင်၊ ရေ၊ မီတာတို့နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် ဒေါ်ဦးသိန်းမြအမည်ဖြင့် တည်ရှိသော မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူ ဒေါ်ဦးသိန်းမြထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်မိုး
(LL.B, D.B.L, D.M.L)
တရားရုံးချုပ်ရှေ့နေ(စဉ်-၃၁၉၀)
အမှတ် ၅၆၁၊ ပထမထပ်၊ M.A.C Tower
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်မြို့နယ် တီတွဒ်-သောကြမှာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

ပြည် ဖေဖော်ဝါရီ ၁၆

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တီတွဒ်-သောကြမှာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီက ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုးက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေး သံဖြူဇရပ်၌ အသိပညာပေး ဟောပြော

သံဖြူဇရပ် ဖေဖော်ဝါရီ ၂၁

ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး အသိပညာပေးဟောပြောပွဲကို သံဖြူဇရပ်မြို့ အထက(၁)ပညာ့ဗိမာန်ခန်းမ၌ ဖေဖော်ဝါရီ ၅ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ညိုလှ**(ယာပုံ)**က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ ယာဉ်တိုက်မှု မဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့ကို အသိပေးရှင်းလင်းပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သော လက်ကမ်းစာစောင်များကို ကျောင်းသားကျောင်းသူများအား ဖြန့်ဝေသည်။

တက်ရောက်

အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီး ဦးမျိုးချစ်နှင့်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဟောပြော

စစ်ကိုင်း ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို စစ်ကိုင်း ပညာရေးကောလိပ် မြရောခန်းမ၌ ဇန်နဝါရီ ၂၈ရက်က ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းဟောပြော

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလေးနိုင်**(ဝဲပုံ)**၊ ဦးကျန်ထွန်း(စစ်ဆေးရေးမှူး-၂)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းဝင်းတို့က ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ပရိုဂျက်တာဖြင့် အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြသီတာဈေးတွင် ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ ဈေးသာယာရေးကော်မတီဝင်များ၊ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်ဖြင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းတို့ပြုလုပ်ရာ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဗဟန်းမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပထမတန်းမှ ပထမဆုရ မောင်အောင်ပြည့်ဆိုင်အား ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက ဆုချီးမြှင့်စဉ်။ (၁၃၅)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ပိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ချန်ထရီယမ်ဟိုတယ်၌ ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် (Russian Armed Forces Day) ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၆ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး **Colonel Alexander SVINTSOVSKIY** က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိမ်
အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

24-2 (20).pmd 1 2/24/2010, 4:01 AM